# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 15 July 2025 ၁၁၈၇၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


**ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားများ ကျင်းပ**

စာမျက်နှာ » ၄

**တစ်မျိုးသားလုံးနှင့်ဆိုင်သည့် နိုင်ငံရေး**

ဆောင်းပါး

စာမျက်နှာ » ၆





**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ**

စာမျက်နှာ » ၉


## မိတ္ထီလာခရိုင်၌ မိုးစပါးဧက ၁၁၇၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**မိတ္ထီလာ ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧက စိုက်ပျိုးရန် သတ်မှတ်လျာထားကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်တို့တွင် မိုးစပါးစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪






## ကန့်ဘလူမြို့နယ်၌ နွေစပါး ၉၂၁၅ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၃ ဒသမ ၈၄ တင်းခန့်ထွက်ရှိ

**ကန့်ဘလူ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၂၂၆၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အထိ ၉၂၁၅ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကလျှင် ၈၃ ဒသမ ၈၄ တင်းခန့် ထွက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အသိပညာပေးဆောင်ရွက်ထား**

"ကျွန်တော်တို့မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၂၂၆၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါ ၉၂၁၅ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးသူတောင်သူတွေကို သီးနှံအထွက်နှုန်း လျော့နည်းမှုမရှိစေရေးအတွက် အချိန်မီရိတ်သိမ်းနည်းစနစ်တွေ၊ ရိတ်သိမ်းပြီးစပါးတွေကို အမိုးအကာအောက် အချိန်မီရောက်ရှိစေရေးနဲ့ မျိုးကောင်းမျိုးသန့် ထိန်းသိမ်းနည်းစနစ်တွေကိုလည်း အသိပညာပေး ဆောင်ရွက်ထားပါတယ်။ ဒေသခံတောင်သူတွေ စပါးရိတ်သိမ်းခြင်းကို အချိန်မီရိတ်သိမ်းနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက ပံ့ပိုးကူညီ


**စာမျက်နှာ ၃ ကော်လံ ၄ သို့** ❐

ကြေးမုံ

# လူသားအရင်းအမြစ်ကောင်းများကို စီမံအသုံးချ

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ရှိသည့် လူဦးရေအပေါ်အခြေခံသည့် အလုပ်လုပ်နိုင်သည့် စာရင်းအင်းအချက်အလက်များအရ အလုပ်လုပ်နိုင်သည့်သူ (အသက် ၁၅ နှစ်အထက်မှ အသက် ၆၅ နှစ်အကြား) လူဦးရေ ခန့်မှန်းခြေအနေဖြင့် ၃၄ ဒသမ ၈၀၆ သန်းရှိကြောင်း သိရသည်။ အဆိုပါ အသက်အရွယ်အတွင်းရှိ ပြည်သူများတွင် အခြေအနေအကြောင်းမျိုးမျိုးတို့ကြောင့် အပြည့်အဝအလုပ်လုပ်နေကြသောသူများရှိသလို မလုပ်နိုင်ကြသောသူများလည်း ရှိမည်ဖြစ်သည်။

မဖြစ်မနေ တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေကြသည့်သူများမှာ ၁၉ ဒသမ ၁၄၁ သန်းရှိကြောင်း သိရသည်။ ယင်းတို့တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တစ်သန်းကျော်ရှိသည်။ တက္ကသိုလ်ပညာသင်ကြားနေသူ ၁ ဒသမ ၄ သိန်းရှိသည်။ ပြည်တွင်း၊ ပြည်ပ၌ အလုပ်သမားအဖြစ် မှတ်ပုံတင်၍ အလုပ်လုပ်နေကြသူ ၁၇ ဒသမ ၁၃၀ သန်းရှိသည်။ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူသားအရင်းအမြစ်ကောင်းများ များစွာရှိနေသော်လည်း လမ်းကြောင်းလွဲမှားနေသည့် အလုပ်လုပ်နိုင်သောသူများ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပြင်ပသို့ စီးထွက်သွားသည့် လုပ်အားများသည် နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများဖြစ်သည်။

မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ၌ သက်ကြီးရွယ်အို လူဦးရေများပြားလာမှုနှင့်အတူ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာပြီး လုပ်သားကဏ္ဍ လိုအပ်ချက်များ များလာခြင်းကြောင့် ရွှေ့ပြောင်းအရင်းအမြစ်ကောင်းများနှင့် လုပ်သားအင်အားစီးထွက်မှုများရှိလာသည်။ မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများအပေါ် သက်ရောက်မှုများရှိသလို အလုပ်အကိုင်အခွင့်အလမ်းများလျော့ကျပြီး လူငယ်အများအပြား ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများလာသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏လူဦးရေတိုးနှုန်း လျော့နည်းလာသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်မှုမရှိစေရေးအတွက် ရွှေ့ပြောင်းနေထိုင်မှုအခြေအနေများကို သတိပြုကိုင်တွယ်ကြရမည်ဖြစ်သည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဟု ပညာရှင်များခန့်မှန်းချက်ကို သတိပြုရမည်ဖြစ်သည်။ ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့် လေ့ကျင့်သင်ကြားနိုင်မည့်အခွင့်အလမ်းများ၊ အသက်အရွယ်စုံ အလုပ်လုပ်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရေး ဖန်တီးပေးရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာသော်လည်း ကျန်းမာရေးကောင်းပြီး အလုပ်လုပ်ချင်စိတ်ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍတွင် အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရေရှည်စီမံကိန်းများကို နိုင်ငံတော်က ယခုကတည်းက ကြိုတင်ပြင်ဆင်ထားသည်။ မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် MSME လုပ်ငန်းနယ်ပယ်များကဲ့သို့ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းနယ်ပယ်များတွင် လုပ်သားအင်အား ရှားပါးမှုအခက်အခဲများရှိကြောင်း သိရသည်။ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ရာ၌ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးများ ပြည့်စုံရန်လိုအပ်သကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရှိရန် လိုအပ်သည်။ ထို့အပြင် လုပ်ခလစာများကိုလည်း ခေတ်ကာလနှင့်လျော်ညီစွာ ချီးမြှင့်ပေးအပ်နိုင်ရန်လည်း လိုအပ်သည်။

ဥပမာအားဖြင့် ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက် ငါးခုနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းနှစ်ခုရှိသည်။ တည်ထောင်ပြီး စက်မှုဇုန်များတွင် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိသည်။ အဆိုပါလုပ်ငန်းများတွင် လုပ်သားပေါင်း ၅၅၆၀၀၉ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။ နိုင်ငံတော်၏ ပြည်ပပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းအားပေး မြှင့်တင်ကြရမည်ဖြစ်သည်။

အိမ်နီးချင်း ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွင် သက်ကြီးရွယ်အိုများကို ၎င်းတို့နှင့်သင့်လျော်သည့် အလုပ်အကိုင်များ ဖန်တီးပေးထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌လည်း အသက် ၆၀ အထက် အသက်ကြီးရင့်သူများကို နယ်ပယ်အသီးသီး၌ ၎င်းတို့၏ စွမ်းဆောင်နိုင်မှု အရည်အချင်းအလိုက် အလုပ်အကိုင်များ လုပ်ကိုင်နေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ လူသားအရင်းအမြစ်ကောင်းများကို အသက်အရွယ်မရွေး ထိထိရောက်ရောက် အသုံးချနိုင်ရန် စီမံခန့်ခွဲမှုစနစ်ကောင်းများဖြင့် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၃၅ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၄-၇-၂၀၂၅)ရက်နေ့ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၆-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၇-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၃၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်) ကို ဦးစားပေး အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်း အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ နံနက် ၇ နာရီ ၄ မိနစ် ၀၆ စက္ကန့်တွင် ကျိုင်းတုံ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၄ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၉၉ ဒသမ ၃၃ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၂ နာရီ ၃၆ မိနစ် ၃၈ စက္ကန့် တွင် ကျိုင်းတုံ မြေငလျင်စခန်းမှ မြောက်ဘက် ၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မိုင်းခတ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၁၄ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၃၂၅ | ၂,၃၂၃,၁၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၆,၉၁၀ | ၂၁,၈၃၅,၉၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၇၇ | ၅၆၉,၈၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၀၀၀ | ၁,၉၅၀,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၈၃၇ | ၂,၂၁၈,၀၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၉၀၁ | ၁,၄၉၆,၆၅၀ |
| AMATA | ၃,၈၀၀ | ၃,၆၀၀ | ၄၂၀ | ၁,၅၂၆,၀၀၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၃၅ | ၁၁၀,၈၅၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၂၀၀ | ၁၇ | ၅၄,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့(Fund RC– Investments)၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ် တိုးချဲ့ရေး၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး၊ အရည်အသွေး ကောင်းမွန်သော သဘာဝမြေဩဇာများ တင်သွင်းရေး၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ လျောင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးနည်းပညာများ မျှဝေရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သာကေတမြို့နယ်၌ အခွန်ထမ်းဆောင်အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ် သီရိမေမင်္ဂလာခန်းမ၌ အခွန်ထမ်းပြည်သူများအား အခွန်ထမ်းဆောင် အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ သာကေတမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အခွန်အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် သာကေတမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လိုအပ်သည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဖြည့်စွက်ပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်း သိကောင်းစရာများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သာကေတ(ပြန်/ဆက်)**

## "နမ့်တဘက်" မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်၏"ဝက်"မွေးမြူရေးခြံသို့ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဇူလိုင် ၁၄

ရှမ်းပြည်နယ် အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုပုံးမြို့နယ် ဟန်လွဲကျေးရွာရှိ "နမ့်တဘက်" မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် "ဝက်"မွေးမြူရေးခြံသို့ ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် တာဝန်ရှိသူများက အသင်းမှ လိုအပ်လျက်ရှိသည့် ငွေကြေး၊ အရင်းအနှီးနှင့်နည်းပညာများရရှိစေရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေး သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရွှေဖုံးမှ**

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင်အတွင်း ဆည်ရေကန်ရေများအပြင် ဆည်ရေကန်ရေ မရရှိသည့်ဒေသများတွင် မိုးရေများဖြင့် မိုးစပါးစိုက်ဧက ၁၁၇၆၄၃ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

ယင်းသို့ သတ်မှတ်လျာထားရာတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်တွင် မိုးစပါး ၁၃၀၆၁ ဧက၊ မလှိုင်မြို့နယ်တွင် ၆၀၂၉ ဧက၊ သာစည်မြို့နယ်တွင် ၃၉၄၇၅ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ၅၉၀၇၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

❒ **ကန့်ဘလူမြို့မှ**

ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်က ပြောသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စိုက်ထည့်ပေးခဲ့**

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။

# ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၃၀) ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး လျှိုပိတ်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမ စသည့် ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးပေးသော ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးစဉ်။

# တိုက်ကြီးမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန်အနီးရှိ သနပ်ချောင်းပိတ်ရေလှောင်တမံ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေသိုလှောင်ထားရှိမှု၊ ရေသိုလှောင်နိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ မွေးမြူရေးဇုန်သို့ရေပေးဝေမှု၊ တမံပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ရေလှောင်တမံဧရိယာနှင့် ဆက်စပ်သောနေရာများတွင် ငါးမွေးကန်များဆောင်ရွက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီး လိပ်ပုတ်ချောင်းတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ လှော်ကားလမ်းနှင့် အမှတ်(၄)လမ်းဆုံတွင် ဇလားပုံသဏ္ဍာန်အုတ်ရေမြောင်းတည်ဆောက်နေမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ အုတ်ဖိုချောင်းတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ လမ်းလယ်တုံးများ တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**တက်ရောက်**

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေးပြိုင်ပွဲများတွင် ဆုရရှိသည့် ခရိုင်နှင့်မြို့နယ်တောင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နွေစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွင် ပထမ၊ဒုတိယ၊တတိယဆုနှင့်အထူးဆုရရှိခဲ့သူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အထူးဆုရရှိခဲ့သူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက နွေးစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုဆု၊ ပဲတီစိမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆု၊ မြေပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုဆု၊ နွေစပါးသီးနှံ ဧက ၁၀၀ စံပြကွက်စိုက်ပျိုးထုတ်လုပ်မှုဆု၊ ပဲတီစိမ်းသီးနှံ ဧက ၁၀၀ စံပြကွက် စိုက်ပျိုးထုတ်လုပ်မှုဆု၊ သီးနှံစိုက်စွမ်းအားတိုးတက်ထုတ်လုပ်မှု မြို့နယ်ဆု၊ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေအချိန်စေ့လွှန်ကြွေးကျန်(NPL) တစ်နိုင်ငံလုံးကောက်ခံရရှိမှု အကောင်းဆုံးခရိုင်ဆု၊ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ အချိန်စေ့လွှန်ကြွေးကျန်(NPL) တစ်နိုင်ငံလုံးကောက်ခံရရှိမှု အကောင်းဆုံးမြို့နယ်ဆုများ ရရှိခဲ့ကြသည့် ခရိုင်နှင့်မြို့နယ်များမှ တောင်သူများနှင့် တာဝန်ရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*



## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ရတနာသိဒ္ဓိ ရပ်ကွက် သံတောင်လမ်းနှင့် သံတောင်(၁)လမ်းထောင့် မြေကွက်လပ်နှင့် လယ်ဝေးလမ်းထောင့် မြေကွက်လပ်တို့၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များဖြစ်သည့် မန်ကျည်းနှင့် တမာပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အဆင့်မြင့်အရာထမ်းသင်တန်း ဖွင့်လှစ်



**ရန်ကုန် ဇူလိုင် ၁၄**

အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က ဝန်ထမ်းအဖွဲ့အစည်း၏ ကျောရိုးသည် စည်းကမ်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို တိတိကျကျလိုက်နာစောင့်ထိန်းကာ ပါတီနိုင်ငံရေး ကင်းရှင်းအောင် ပြုမူနေထိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၁၄ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ စာရေးဝန်ထမ်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၄**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၅) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ရတနာသိင်္ဃခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၂၅၀ စုစုပေါင်း ၃၇၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၁၄ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေကြည်မြို့နယ် မြတ်ပန်းရောသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရေကြည် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြတ်ပန်းရောငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက အမက(ဘုရားကြီးကုန်း)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေကြည်မြို့နယ် မြတ်ပန်းရောငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်မြို့နယ်ပညာရေးမှူး ဆရာကြီးဦးခင်ဌေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြတ်ပန်းရောငွေစုငွေချေးသမဝါယမအသင်းလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက ဒါရိုက်တာအဖွဲ့၏(၁-၄-၂၀၂၄)မှ (၃၁-၃-၂၀၂၅) အထိ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် သမဝါယမအသင်းဝင် ငါးဦးအား ဆုများချီးမြှင့်ခဲ့ပြီး အသင်းသားဦးရေ ၁၄၆၈ ဦးအတွက် ရင်းနှီးငွေပေါ် အကျိုးအမြတ်ငွေကျပ် ၈၁၂၀၈၄၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ဒေးဒရဲမြို့နယ်၌ ရေဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**ဒေးဒရဲ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုး စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ရေယာဉ်ခရီးသွားပြည်သူများအား အမှတ်(၁၊ ၂၊ ၃)ရပ်ကွက် ကမ်းနားဆိပ်များတွင် ယနေ့နံနက်ပိုင်းက Life Jacket ဝတ်ဆင်ခြင်းအကျိုးကျေးဇူးများနှင့် ရေဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်သည်။

**အသိပညာပေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်နိုင်ရန် Life Jacket ဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပေးခဲ့ပြီး ရေယာဉ်များပေါ်တွင် အရေးပေါ်အသက်ကယ်ဘောကွင်းများနှင့် Life Jacket အသင့်ဆောင်ရွက်ထားရှိရန်စစ်ဆေးကာ ရေလမ်းခရီးသွားလုပ်သားပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရေဘဦးသာ**

# တစ်မျိုးသားလုံးနှင့်ဆိုင်သည့် နိုင်ငံရေး

နေမင်းသျှင်

"ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက်ရှိသည့် အားလျော်စွာ ကျွန်ုပ်တို့ နိုင်ငံရေးသည်လည်း ပြောင်းလဲလျက်ရှိ၏။ ကျွန်ုပ်တို့အားလုံး သက်သက်သာသာ၊ ချောင်ချောင်ချိချိ လူတန်းစေ့အောင် နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်အောင် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို တောင့်တကြပေသည်။ လွတ်လပ်ရေးဆိုရာ၌ နေရေးထိုင်ရေး လွတ်လပ်မှု၊ လူတစ်ဦးတစ်ယောက်အနေနှင့် လည်းကောင်း၊ တစ်မျိုးလုံးအနေနှင့် လည်းကောင်း တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်အောင် လွတ်လပ်မှု၊ ကျွန်ုပ်တို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ အဆင့်အတန်းတို့ မြင့်အောင် ဆောင်ရွက်နိုင်ရန် လွတ်လပ်မှုတို့ စသည်တို့ကို ဆိုလိုပေသည်။ ဤလွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏"

**အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း အလယ်ပစ္စယံညီလာခံမိန့်ခွန်းမှ**

ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သည့် အထက်ပါ မိန့်ခွန်းကောက်နုတ်ချက်အရ နိုင်ငံရေးဟူသည် တရားသေမဟုတ်။ လှေနံဓားထစ်မဟုတ်။ လူတိုင်းလူတန်းစေ့နေနိုင်ရေး၊ တစ်မျိုးသားလုံး တိုးတက်ကြီးပွားရေးကို ဦးတည်၍ အခြေအနေ၊ အချိန်အခါအပေါ် ပြောင်းလဲလုပ်ကိုင်ရခြင်းဖြစ်သည်ဟု နားလည်ရသည်။

### နိုင်ငံရေးနှင့် စစ်ရေးအတွေ့အကြုံတို့ စုံလင်ရင့်ကျက်ခဲ့

ရန်ကုန်မြို့ ရွှေတိဂုံအလယ်ပစ္စယံတွင် ဖဆပလ အဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီး ကျင်းပချိန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့် ၁၉၄၆ ခုနှစ် နှစ်ဦးပိုင်းကာလဖြစ်သည်။ စစ်ကြို ကာလမှစကာ နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေး အသိတရားတို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်လာခဲ့ကြသည့် မြန်မာတို့မှာ နယ်ချဲ့ဗြိတိသျှတို့ကို နိုင်ငံရေး အန်တုနိုင်ခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်လာမှု အပေါ် အခွင့်ကောင်းယူ၍ နယ်ချဲ့ကို တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြသည်။ စစ်အတွင်းကာလ နိုင်ငံကို အတုအယောင် လွတ်လပ်ရေးပေးခဲ့ပြီး ပြည်သူတို့ကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည့် ဖက်ဆစ်တို့ကိုလည်း တော်လှန်ချေမှုန်းနိုင်ခဲ့ကြသည်။ ဆိုရလျှင် ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာတစ်မျိုးသားလုံး နိုင်ငံရေးနှင့် စစ်ရေးအတွေ့အကြုံတို့ စုံလင်ရင့်ကျက်ခဲ့ပြီ။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝမှ ရုန်းထွက်ကာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံနှင့် လွတ်လပ်သည့် နိုင်ငံသားဘဝကို မျှော်မှန်းနေကြပြီဖြစ်သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက် ဆောင်းရက်တို့ မကုန်သေးဘဲ အေးမြနေဆဲဖြစ်သည့် ထိုနေ့သည် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး၏ ပထမဆုံးနိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်ကြီး စည်းဝေးကျင်းပသည့် စတုတ္ထမြောက်နေ့ဖြစ်သည်။ ကြည်လင်သန့်စင်သည့် ကောင်းကင်ပြာနောက်ခံတွင် တင့်တယ်စွာ စံပယ်နေတော်မူသော ရွှေတိဂုံစေတီတော်ကြီးကို နောက်ခံထားလျက် အလယ်ပစ္စယံညီလာခံ ကျင်းပရာ မဏ္ဍပ်ကြီးနှင့် သစ်ရိပ်ဝါးရိပ်များဆီသို့ နိုင်ငံရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပြည်သူများ တဖွဲဖွဲ ချီတက်ဝင်ရောက်လာနေကြသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့သည့် "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး" (ဖတပလ) အဖွဲ့ချုပ်ကြီးသည် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်ဂျပန်တပ်များ လက်နက်ချပြီးသည့် အခါ "ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်" (ဖဆပလ) ဟူ၍ ဖြစ်လာသည်။ ဖက်ဆစ်ဝါဒကို ဆန့်ကျင်ရန်နှင့် တစ်မျိုးသားလုံး လွတ်လပ်ရန်အတွက် နိုင်ငံရေးအရ ဆက်လက်တိုက်ပွဲဝင်ရေးသည် အဓိက ဦးတည်ချက် ဖြစ်လာသည်။ ဖဆပလ အဖွဲ့ချုပ်၏ ဦးဆောင်မှုနောက်တွင် နိုင်ငံရေးနိုးကြားတက်ကြွလျက်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ထက်ကြပ်မကွာ လိုက်ပါလာကြခြင်းမှာလည်း အဆိုပါ ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အင်အားများ ရှိနေပြီဖြစ်ကြောင်းကို ပြသနေခြင်းဖြစ်သည်။

### စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းတကျရှိမှုတို့ကိုလည်း တွေ့ရှိနိုင်

သိင်္ဂုတ္တရ ကုန်းတော်၏ အလယ်ပစ္စယံတည်ရှိရာ နေရာတစ်ခွင်လုံး၊ ညီလာခံမဏ္ဍပ်နှင့် ကုန်းမြင့်ကုန်းနိမ့်များ၊ ချိုင့်ဝှမ်းများ၊ သစ်ပင်များအားလုံး နေရာလပ်မရှိအောင် ဖုံးလွှမ်းရောက်ရှိနေသည့် ပြည်သူလူထုကြီးကို တွေ့မြင်ရသည့် မြင်ကွင်းတွင် စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းတကျရှိမှုတို့ကိုလည်း တွေ့ရှိနိုင်သည်။ အလယ်ပစ္စယံ ညီလာခံ ကျင်းပရာနေရာနှင့် မလှမ်းမကမ်းတွင်ရှိသည့် ကွင်းပြင်ကြီးတွင် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် တပ်ထွက်သည့် အခမ်းအနားမိန့်ခွန်း ပြောကြားခဲ့စဉ်က သမိုင်းဝင်တိုတောင်းလှသည့် မိန့်ခွန်းကို ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် အလယ်ပစ္စယံညီလာခံ မြန်မာနိုင်ငံလုံးဆိုင်ရာ လူထုအစည်းအဝေးကြီးတွင်မူ သုံးနာရီခန့်ကြာအောင် ရှည်လျားလှသည့် မိန့်ခွန်းကြီးတစ်ရပ်ကို ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်း၏ ပဏာမအစတွင် ရာဇဝင်တွင်လောက်အောင် စည်းလုံးညီညွတ်စွာ စုဝေးရောက်ရှိလာသည့် ပြည်သူလူထုကြီးကို ချီးကျူးဂုဏ်ပြုခဲ့ပြီး လွတ်လပ်ရေးပန်းတိုင်သို့ သွားရာခရီးတွင် ထက်မြက်သည့် ဦးဆောင်မှုနှင့်အတူ ဒိုးတူပေါင်ဖက်လက်တွဲပါဝင်မည့် ပြည်သူလူထုလည်း လိုအပ်ကြောင်း၊ နိုင်ငံရေးသည် လူတိုင်း၏ အရေးကိစ္စဖြစ်ပြီး လူတိုင်းနှင့် သက်ဆိုင်ကြောင်း၊ နိုင်ငံရေးနှင့် ဘာသာရေးကို စည်းသားထားအပ်ကြောင်း၊ ဖက်ဆစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည့်ဝါဒဆိုးများ ပပျောက်ပြီး ဗြဟ္မစိုရ်တရားကို အခြေပြုသော ဆိုရှယ်လစ်ဝါဒ ပြန့်ပွားစည်ကားရန် လိုအပ်ကြောင်း၊ ဒုတိယကမ္ဘာစစ်သည် အရင်းရှင်နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ တိုက်ပွဲဖြစ်ပြီး အရင်းရှင်နယ်ချဲ့တို့သည် ဒီမိုကရက်ပြည်သူလူထု၏အားကိုယူ၍ ဖက်ဆစ်ကို အနိုင်တိုက်ခဲ့ရကြောင်း၊ နိုင်ငံပေါင်းစုံ ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ပြီးသော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်သေးကြောင်း၊ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြောင်း၊ မိမိတို့သည် စုပေါင်း၍ အာရှခေတ်သစ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခုအပေါ်တွင် "လိုက်နာရမည်" ဟူသော စနစ်နှင့် ခေတ်သစ်ထူထောင်ခြင်းမဟုတ်ဘဲ အာရှတိုက်သူတိုက်သားတို့ ညီညွတ်စွာပူးပေါင်း၍ အာရှလူမျိုးများ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကို အစပြု၍ ကမ္ဘာ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုကို စီမံဖန်တီးနိုင်အောင် ထူထောင်သော ခေတ်သစ်ကြီးဖြစ်ကြောင်း။

> **နိုင်ငံရေးမကျေလည်လျှင် လက်နက်စွဲကာ တောခိုသည့်ဓလေ့ဆိုးသည်လည်း ထိုကာလတွင် စတင်ပေါ်ပေါက်လာသည်။ ဝါဒရေးမကျေနပ်၍ တောခိုသူ၊ လူမျိုးရေး မကျေနပ်၍ တောခိုသူ၊ ဘာသာရေး မကျေနပ်၍ တောခိုသူ စသည်ဖြင့် နိုင်ငံရေးဓလေ့ဆိုးကြီး မြန်မာနိုင်ငံတွင် အမြစ်တွယ်ခဲ့သည်မှာ ယနေ့ထိဆိုလျှင် နှစ်ပေါင်း ၈၀ ဆီသို့ပင် နီးကပ်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာတွင် နိုင်ငံရေးပါတီများအဖို့ သင်ခန်းစာယူဖွယ်၊ သံဝေဂရဖွယ်များစွာရှိ**

လွတ်လပ်သော နိုင်ငံများအချင်းချင်း မိမိတို့သဘောအလျောက် လွတ်လပ်စွာ ပါဝင်၍ ပြည်ထောင်စုများ ဖွဲ့စည်းသွားသင့်ကြောင်း၊ လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားရေးဟူသည့် အဓိပ္ပာယ်သည် ခေတ်အားလျော်စွာ ပြောင်းလဲလျက်ရှိကြောင်း၊ အမျိုးသားရေး စိတ်ဓာတ်အစွန်းရောက်ခြင်းက ပျက်စီးတတ်၍ ဝံသာနုစိတ် (ဝါ) မျိုးချစ်စိတ်ကို အမြင်ကျယ်ကျယ် ဆောင်ရွက်သင့်ကြောင်း၊ စစ်ကြောင့် မြန်မာနိုင်ငံ ပျက်စီးရခြင်းအတွက် ဗြိတိသျှအစိုးရတွင် တာဝန်ရှိရာ ပြန်လည်ထူထောင်ရေးလုပ်ရာတွင် မြန်မာနိုင်ငံကိုငွေချေးခြင်းအစား အလကားအနေနှင့်ပေးသင့်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် လွတ်လပ်ရေးကို အရယူမည်ဖြစ်ကြောင်း တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

* * *

### အာဏာကို အကြောင်းပြုကာ အတွင်းရန်၊ အပြင်ရန်တို့ ထွက်ပေါ်လာ

လူပုဂ္ဂိုလ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍ တပ်မတော်၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ စုစည်းဖြစ်ပေါ်လာသော ဖဆပလအဖွဲ့ချုပ်ကြီးသည် ဘုံရန်သူဖြစ်သော ဖက်ဆစ်ကို တော်လှန်ရာတွင် လည်းကောင်း၊ ပြန်လည်ဝင်ရောက်လာသည့် နယ်ချဲ့တို့ထံမှ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ရယူရာတွင် လည်းကောင်း မြန်မာပြည်သူတို့ကို ဦးဆောင်မှုပေးနိုင်ခဲ့သော်လည်း လွတ်လပ်ရေးမရမီမှာပင် အာဏာကို အကြောင်းပြုကာ အတွင်းရန်၊ အပြင်ရန်တို့ ထွက်ပေါ်လာသည်။ ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်တို့ကို ထုတ်ပယ်လိုက်ရသလို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များမှာလည်း ခေတ်ဟောင်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဂဠုန်ဦးစော၏ လက်ချက်ဖြင့် လွတ်လပ်ရေးနှင့် လက်တစ်ကမ်းအလိုတွင် ကျဆုံးခဲ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေး ဆယ်နှစ်ဆယ်မိုးကာလမှာမူ စည်းလုံးညီညွတ်မှုတို့ တစ်စစီပြိုကွဲသောကာလဖြစ်သည်။ ဖဆပလ အဖွဲ့ချုပ်ကြီးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ မကျဆုံးမီ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက အခြေအနေနှင့် လုံးဝမတူညီအောင် ဆန့်ကျင်ခြားနားသွားခဲ့ပြီဖြစ်သည်။ လူပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် လုံးထွေးရစ်ပတ်နေခဲ့ပြီး ပြည်သူလူထုအမြင်တွင် စိတ်ရှုပ်ထွေးဖွယ်၊ စိတ်ပျက်ဖွယ်ဖြစ်ခဲ့သည်။ စစ်ဒဏ်ကြောင့် ထောင်းထောင်းကြေခဲ့ရသော နိုင်ငံကို တစည်းတလုံးတည်းသော အင်အားဖြင့် တက်ညီလက်ညီ ပြန်လည်တည်ဆောက်ကြရမည့်အစား အာဏာနိုင်ငံရေးကိုသာ မျက်နှာမူ၍ အချင်းချင်းအပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။ အယူဝါဒမတူ၊ စိတ်ဝမ်းကွဲနေသူများမှာ ပြည်သူလူထုကို အလေးဂရုမပြုနိုင်တော့သည့်အပြင် နိုင်ငံပြန်လည်ထူထောင်ရေး စီမံကိန်းများကိုလည်း အောင်မြင်အောင် မဆောင်ရွက်နိုင်တော့၊ ပို၍ဆိုးသည်မှာ ပြည်မနိုင်ငံရေးသမားတို့၏ အကွဲအပြဲဂယက်က ပြည်နယ်များဆီသို့ပါ ရိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံရေးမကျေလည်လျှင် လက်နက်စွဲကာ တောခိုသည့်ဓလေ့ဆိုးသည်လည်း ထိုကာလတွင် စတင်ပေါ်ပေါက်လာသည်။ ဝါဒရေးမကျေနပ်၍ တောခိုသူ၊ လူမျိုးရေး မကျေနပ်၍ တောခိုသူ၊ ဘာသာရေး မကျေနပ်၍ တောခိုသူ စသည်ဖြင့် နိုင်ငံရေးဓလေ့ဆိုးကြီး မြန်မာနိုင်ငံတွင် အမြစ်တွယ်ခဲ့သည်မှာ ယနေ့ထိဆိုလျှင် နှစ်ပေါင်း ၈၀ ဆီသို့ပင် နီးကပ်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ရာတွင် နိုင်ငံရေးပါတီများအဖို့ သင်ခန်းစာယူဖွယ်၊ သံဝေဂရဖွယ်များစွာ ရှိနေသည်။

ထို့အပြင် ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများ အားလုံးပါဝင်သည့် ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်သောအင်အားဖြင့် စုစည်းတည်ထောင်ခြင်းကသာလျှင် အားလုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဖြစ်ပြီး သူတစ်လူငါတစ်မင်း တကွဲတပြားနေထိုင်ခြင်းက ပျက်စီးခြင်းဖြင့်သာ နိဂုံးချုပ်ရမည်ဖြစ်သည်ကို နတ်မျက်စိဖြင့် ကြည့်မြင်နိုင်ကြရန်လည်းလိုသည်။ အမျိုးသားအကျိုးစီးပွား၊ မျိုးနွယ်စုတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် အာဏာကိုရယူနိုင်ရန် လိုအပ်သော်လည်း ထိုအာဏာသည်ပင် ပျက်စီးခြင်း ဖြစ်တတ်သည်ကိုလည်း ရှေ့မှသင်ခန်းစာများကို ယူကြရန်လိုသည်။

* * *

**"အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားပြဿနာအားလုံးကို ဖြေရှင်းရန် စိုင်းပြင်းရာတွင် ပါတီစိတ်၊ ပါတီသဘောကို စွန့်၍ စည်းစည်းလုံးလုံး စိုင်းပြင်းသင့်ကြပေသည်။**

**စာမျက်နှာ ၇ သို့**

# တရားမဝင်စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေးနှင့် စပ်လျဉ်း၍ စိစစ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



**မန္တလေး ဇူလိုင် ၁၄**

တရားမဝင်စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေးနှင့်စပ်လျဉ်း၍ စိစစ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တရားမဝင်စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှု မရှိစေရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ စိစစ်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ

**ဒေးဒရဲ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်မင်းထွန်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံနေသော အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့်စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များ၊ အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



## တာချီလိတ်မြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**တာချီလိတ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဟောင်လိတ်)၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးမင်းအောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် ဆောင်ရန်/ ရှောင်ရန် အချက်များကို ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်း ဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းသို့ သဃ်္ဃန်းကျွန်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ တို့အား ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ် လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**ခင်ဆွေနှင်း(ပြန်/ဆက်)**

❐ စာမျက်နှာ ၆ မှ

**မိမိတို့၏ ထင်မြင်ယူဆချက်များကို (ဝါ) မိမိတို့၏ ဝါဒကို အမျိုးသားအစည်းအရုံးဝင်များအား သာယာညင်းပျောင်း ကောင်းသောနည်းလမ်းဖြင့်သာ နားလည်လက်ခံအောင် ရှင်းလင်းပြောပြခြင်းအမှုကိုသာ ပါတီဝင်များအနေနှင့် ပြုသင့်ပေသည်။ အတိုချုပ်မှာ ပါတီဝင်များ၏လုပ်ငန်းသည် ပါတီသဘောနှင့် ပါတီကိစ္စလုပ်ရန် မဟုတ်၊ ဝါဒပြန့်ပွားမှုကိုသာ ပြုသင့်ပေ၏။ ဤအတိုင်းဆိုလျှင် ပါတီများရှိစေကာမူ ကျွန်ုပ်တို့၏ အမျိုးသားအစည်းအရုံး၏ အင်အားကို ယုတ်လျော့စေသည်မဟုတ်ချေ”**

**အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း အလယ်ပစ္စယံမိန့်ခွန်းမှ**

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးမှာ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပပြီး ပြည်သူလူထုရွေးကောက်တင်မြှောက်သည့် အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာရေးပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့တာဝန်ကို ရယူထားရသော တပ်မတော် ဦးဆောင်သည့် တည်ဆဲအစိုးရကို ဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပ အင်အားစုများက ရွေးကောက်ပွဲ မကျင်းပနိုင်စေရန် အနှောင့်အယှက်၊ အတားအဆီး၊

**❛ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများ အားလုံးပါဝင်သည့် ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်သောအင်အားဖြင့် စုစည်းတည်ထောင်ခြင်းကသာလျှင် အားလုံး၏အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဖြစ်ပြီး သူတစ်လူငါတစ်မင်း တကွဲတပြားနေထိုင်ခြင်းက ပျက်စီးခြင်းဖြင့်သာ နိဂုံးချုပ်ရမည်ဖြစ်သည်ကို နတ်မျက်စိဖြင့် ကြည့်မြင်နိုင်ကြရန်လည်းလိုသည်။ အမျိုးသားအကျိုးစီးပွား၊ မျိုးနွယ်စုတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် အာဏာကိုရယူနိုင်ရန် လိုအပ်သော်လည်း ထိုအာဏာသည်ပင် ပျက်စီးခြင်း ဖြစ်တတ်သည်ကိုလည်း ရှေ့မှသင်ခန်းစာများကို ယူကြရန်လို ❜**

အဖျက်အမှောင့်အမျိုးမျိုး ပြုလုပ်နေကြသည်ကို တွေ့မြင်နိုင်သည်။

ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်အဖျက်သမားများကလည်း ၎င်းတို့လှုပ်ရှားရာ၊ ကြီးစိုးရာဒေသများတွင် ဆူပူသောင်းကျန်းဖျက်ဆီးလျက်ရှိရာ မြို့များရွာများ ပျက်စီးခြင်း၊ ဒေသခံပြည်သူများ စစ်ဘေးကင်းလွတ်ရာဒေသများသို့ တိမ်းရှောင်ထွက်ပြေးရခြင်း၊ ပိုင်ဆိုင်သည့် အိမ်ရာပစ္စည်းဥစ္စာများနှင့် လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးရခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ဆူပူထကြွသောင်းကျန်းမှုများ၊ အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမှုများ အားလုံးက နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခြိမ်းခြောက်လျက် အဟန့်အတားများ ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံပြိုကွဲပျက်စီးရေးသို့ပါ ဦးတည်လျက်ရှိသည်။

**အမျိုးသားအရေးကို ဦးစားပေးဖြေရှင်းကြရမည်**

မျက်မှောက်ကာလ နိုင်ငံရေးပကတိအခြေအနေတွင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသမျှ အမျိုးသားပြဿနာအားလုံးကို စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်သည်။ တစ်မျိုးသားလုံး၏ အရေးတွင် မိမိတို့တစ်ဦးချင်းအရေး၊ မိမိအဖွဲ့အစည်းအရေး၊ မိမိပါတီအရေးကို ရှေ့တန်းမတင်ဘဲ အမျိုးသားအရေးကို ဦးစားပေးဖြေရှင်းကြရမည်ဖြစ်သည်။ အတူတကွနေထိုင်ကြရမည့် မြေပေါ်တွင် အေးအတူ ပူအမျှနေထိုင်ကြရမည့်အစား ရန်စစ်ခင်းနေကြခြင်းက ပျက်စီးခြင်းမလှ ပျက်စီးကြရမည့်အပေါ် ဉာဏ်ပညာဖြင့် ဆင်ခြင်ကြရန်လည်း လိုသည်။

**အနှစ်ချုပ်အားဖြင့်ဆိုရလျှင် မိမိတို့၏ ခေါင်းဆောင်များ၊ ဘိုးဘွားမိဘများ သွေးနှင့် ချွေးနှင့် ရင်းနှီးတည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီး ထာဝရမပျက်မစီး တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်၍ ကမ္ဘာနှင့် ရင်ပေါင်တန်းရေးတို့ကို မိမိတို့မျိုးဆက်အား၏ တပေါင်းတစည်းတည်းအင်အားဖြင့် သမိုင်းခေတ်၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း။** ။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok၊ Chonburi နှင့် Songkhla မြို့တို့တွင် အားကစား နည်း ၅၃ နည်းအားခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၄၀ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိစခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများ နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများ အလိုက် တာဝန်ရှိသူများက အသေးစိတ်ဆွေးနွေး တင်ပြပေးသွားရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း (By Sports)နှင့် ပြိုင်ပွဲအမျိုးအစား (Event)များကို အိမ်ရှင်ထိုင်းနိုင်ငံသို့ ပေးပို့ခဲ့ပြီးပြီဖြစ်၍ ပြိုင်ပွဲဝင် အားကစားသမားများ၏အမည်စာရင်း(By Number) များ အချိန်မီပေးပို့နိုင်ရန် လူရွေးချယ်ခြင်းများကို တာဝန်ရှိသူများက ဇူလိုင်လကုန်အပြီး ရက်များ သတ်မှတ်၍ စနစ်တကျ စိစစ်ရွေးချယ်ကာ ဝန်ကြီး ဌာနသို့ အချိန်မီတင်ပြနိုင်ရေးအတွက် အားကစား အဖွဲ့ချုပ်များကို ကြိုတင်အကြောင်းကြားထားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးထိန်လင်းက လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး၊ အားကစားနည်းအလိုက် အားကစားသမားများ အတွက် လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရများ ပြည့်ဝစေရေးတို့အတွက် Sport Nutrition အာဟာရပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့် အညီ စခန်းဝင်အားကစားသမားများအား ချက်ပြုတ် ကျွေးမွေးဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက သေသေချာချာ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများအလိုက် တာဝန်ရှိသူညွှန်ကြားရေးမှူးများက လာမည့်(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သွား ရမည့် ယခင်လအစည်းအဝေး၏ဆုံးဖြတ်ချက်များနှင့် လက်ရှိကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အတွက် လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စနစ်တကျ တက်ညီလက်ညီ ဆက်လက်၍ အရှိန် အဟုန်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဘောလုံး အားကစားဝါသနာရှင် များသည် ယနေ့မွန်းလွဲ ၃ နာရီက ဘားအံမြို့ ဇွဲကပင်အားကစား ကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုး သားဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ဘားအံဇုန် တတိယပွဲစဉ်အဖြစ် ကရင်ပြည်နယ် ဘောလုံး အသင်းနှင့် တနင်္သာရီ တိုင်းဒေသကြီး အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှု အားပေးသည်။





အဆိုပါ ဘောလုံးပြိုင်ပွဲကို ဘောလုံး အားကစားအဆင့် အတန်း ပိုမိုတိုးတက်မြင့်မားရေး နှင့် ထူးချွန်ထက်မြက်သည့် ရွက်ပုန်းသီး ဘောလုံးအားကစား သမားကောင်းများ ပေါ်ထွန်းလာ စေရေးရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်ကာ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ် အောက် အမျိုးသားဘောလုံး ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်ထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည် နယ်နှင့် ကရင်ပြည်နယ်တို့၌ ဇုန်လေးဇုန်ခွဲ၍ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဘားအံ မြို့ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသည့် အုပ်စု(ဂ) တတိယပွဲ စဉ်တွင် ကရင်ပြည်နယ်ဘောလုံး အသင်းက တနင်္သာရီတိုင်းဒေသ ကြီး ဘောလုံးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

■

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိသည်။





**အနိုင်ရရှိ**

ယနေ့မွန်းလွဲ ၃ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသ ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိ သူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်အားပေးကြည့်ရှုကြသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစား ဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရခိုင် ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘ ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေး နိုင်ပါကြောင်းနှင့် ဇူလိုင် ၂၁ ရက်မှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစား ကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၅) မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ဒီသင်တန်းမှာ သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို တိုင်းပြည်ရဲ့ တစ်စိတ်တစ်နေရာမှာ အသုံးချသွားမယ်လို့ ခံယူထားပါတယ်။ အပြင်လောကထက် စာလို့ရှိရင် ဒီထဲမှာ စည်းကမ်းတွေလည်း အများကြီးရှိတယ်။ ပြီးတော့ စစ်ပညာတွေလည်း အများကြီး ရပါတယ်။ လူတိုင်းမလုပ်နိုင်တဲ့ စစ်သားဖြစ်တော့မှာ ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းကို ကိုယ့်ရဲ့ စိတ်ဆန္ဒနဲ့ ကိုယ်ကိုယ်တိုင် တာဝန် ထမ်းဆောင်ချင်လို့ ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ တာဝန်ထမ်းဆောင်ရတော့မယ်ဆိုတော့ စိတ်ထဲမှာလည်း ပျော်ပါတယ်။ ပြည်သူတွေအတွက် အသက်စွန့်ပြီးတော့ ကာကွယ်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အပြင်မှာနေသလို အရပ်သား မဟုတ်တော့ဘဲ ကိုယ့်နိုင်ငံသားကို ကိုယ်ပြန်စောင့်ရှောက်ရမယ့် သူရဲကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ခံယူမိပါတယ်။

**သတင်းစဉ်**











# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒါးကချောင်းကူး(နတ်ကန်)တံတား တည်ဆောက်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ကျုံပျော် ဇူလိုင် ၁၄

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ်အတွင်းရှိ ဒါးကချောင်းကူး (နတ်ကန်)တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ဦးစွာ တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူမင်းက တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် သတ်မှတ် အတိုင်းအတာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားသည် ညောင်ပင်ဆိပ်အုပ်စု နတ်ကန်ကျေးရွာနှင့် သောင်ရွာအုပ်စု ဘိုးထောင့်ကျေးရွာသို့ ဆက်သွယ်ထားခြင်းဖြစ်ပြီး တံတားပြီးစီးပါက ကျေးရွာ ၇၆ ရွာ၊ အိမ်ခြေ ၆၉၅၇ အိမ်၊ လူဦးရေ ၂၇၀၁၄ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း၏ အာမခံဆိုင်ရာ ဟောပြောပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း၏ အာမခံဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦး၊ ဆရာဦးလွင်ဦး (Chief Operating Officer), Young Insurance Company တို့က အာမခံဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောပို့ချကြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးခွန်းများအား ပညာရှင်များက ပြန်လည်ဖြေကြားပြီး ဟောပြောပို့ချပေးခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

မျိုးမင်းသူရ

# ကလေးမြို့၌(အခြေခံ / မွမ်းမံ) ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဖွင့်

ကလေး ဇူလိုင် ၁၄

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများအနက် (အခြေခံ/ မွမ်းမံ) ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြေ့အောင်စည် ရပ်ကွက် နယ်မြေ(၂) ကလေးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ကလေးခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်း ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသူတစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ချင်းရိုးရာ လက်ရက်ကန်း အခြေခံသင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၁၂ ရက်အထိ လည်းကောင်း၊ ချင်းရိုးရာ လက်ရက်ကန်း မွမ်းမံသင်တန်းကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁ရက်အထိလည်းကောင်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ကာ နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




# ဧရာဝတီနှင့် စစ်တောင်းမြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်း မပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှ လည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက် နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနရုံးမှ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို power point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စွာညွန့်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ဒဂုံမြို့သစ်၌ ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်အဆင့် အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်ခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက သန္နိဋ္ဌာန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပရဟိတလူမှုရေးအသင်းအဖွဲ့များမှ စည်းလုံးညီညွတ်စွာ လူစွမ်းအား၊ စက်စွမ်းအား၊ နည်းပညာစွမ်းအားဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးစေရေးအတွက် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ပြောကြားပြီး YRO ရှင်သန်ရေး လူမှုကူညီကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



### လေ့ကျင့်သင်ကြား

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ဒဂုံမြို့သစ်ခရိုင်အတွင်း မြို့နယ်များရှိ ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ဖြင့် ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်လေ့ကျင့်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးအောင်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ၌ တရားမဝင်အခြားသစ် ၃ ဒသမ ၉၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၆၁၁၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီး နှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၆၁၁၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ဇက်ဆိပ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ခုနစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၄၉၃၆၀၀) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် အဆိုပါ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သုတဝေဖြာ မျှဝေရာပညာဘဏ်တိုက် စာကြည့်တိုက်
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ စံပြုထိုက်သောဖိသားစုလေးနဲ့ ကျောင်းကလေး
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၁၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမန္တလေး' (အပိုင်း-၂၁+၂၂)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၇:၀၅ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
- ၁၇:၂၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'ဗိုဝိုးငှက်နှင့် မွေးမြူရေး ငှက်သိုက်အကြောင်း သိကောင်းစရာ'
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဘင်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဘင်
- ၂၁:၁၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၁)
- ၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:10 Dhammayangyi Temple
- 07:26 Broom Making Business
- 07:37 On the River
- 08:26 Topics Potpourri; India's Innovative Elephant Alert System
- 08:32 Thilawa SEZ Thriving Model Special Economic Zone
- 09:01 Healthy Diet: Fasting Diet Fuciphagus) (Part-I)
- 09:30 Myanmar and Korea Art Installation Trip (Re-edit 2025)
- 10:26 Lifestyle & Entertainment (Weekly Updates)

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၁၀ တိုင်းရင်းသားတေးသီချင်း၊ အက(ကရင်)
- ၀၇:၀၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမန္တလေး'(အပိုင်း-၂၁၊ ၂၂)
- ၀၈:၅၀ K POP Music Gallary (25)
- ၀၉:၁၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'ဦးပေါင်းဝင်းနှင့်မြင်းညိုရှင်'
- ၁၀:၁၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'စုံထောက်ကြီးပော့စ်နှင့် အောင်ပင်လယ်'
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရမန္တလေး'(အပိုင်း-၂၃၊ ၂၄)

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ပြောင်းပူးရဲ့ကျန်းမာရေးအကျိုးကျေးဇူး
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ(အပိုင်း-၃)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ပေပေလုပ်ကျွေးတဲ့ဟင်းထုပ်
- **ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)** သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၃၃)
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** တစ်နှစ်တာတောင်ယာလုပ်ငန်း
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** အလှဖြာဝေရာမည်မြေ (ဒေသအလှ၊ ဓလေ့ရိုးရာ၊ ထုတ်ကုန်များ)
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ရိုးရာလယ်ထွန်မင်္ဂလာနေ့
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** လုပဆင်ယင်ခမ်းတီးအဆင်
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း-၂)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ ဒုံးယိမ်းမြေမှ လွှမ်းညရေပြာအိုင်
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၉၀)

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Agriculture in India
- ၁၉:၀၀ Refreshing Taste of Mushrooms with Red Cap and White Stem
- ၂၀:၀၀ ၃ူ(ဇာတ်လမ်း)
- ၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၁၂:၀၀ Ronaldo

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်စီ ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရန် လွယ်ကူသော ရုံးပတီသီးကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဖြစ်ပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား နှစ်ပေ၊ ပင်ခြား တစ်ပေခွဲထား၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂၂၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို တစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်း ရုံးပတီသီး အတောင့်ရေ ၁၂၈၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူသည့်အပြင် ပဲခူးမြို့သို့လည်း တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းကျော်ခန့်ရရှိကြောင်း၊ ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုများကြောင့် အထွက်နှုန်းများလျော့နည်းခဲ့ကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။



■



# အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေး ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ ဥယျာဉ်ကျေးရွာတွင် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံကို ဧက ၂၀ ခန့်စိုက်ပျိုးထားကြောင်း သိရသည်။

ပဲစင်းငုံကို မေလတွင် စတင်စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် သီးညှပ်စိုက်ပျိုးထားရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခန့်ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပဲစင်းငုံ ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပဲပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့်ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# စဥ့်ကိုင်မြို့နယ်၌ နှမ်းများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ

မန္တလေး ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်းကို မြို့နယ်အတွင်း ၂၃၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရပြီး ယခုအချိန်တွင် နှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

နှမ်းကို မတ်လနှင့် ဧပြီလတို့တွင် စိုက်ပျိုးပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများဟူ၍ရှိပြီး နှမ်းဖြူမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းကို ကြဲပက်စနစ်ဖြင့်စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ သုံးပြည်ခန့် ကုန်ကျကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် နှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈-၉ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းကျော်ခန့်ရရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုများပြားသောကြောင့် နှမ်းများ အထွက်နှုန်းလျော့နည်းသော်လည်း ဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း နှမ်းစိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

# နဂါးမောက်သီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေး ဇူလိုင် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဥယျာဉ်ခြံမြေများတွင် နဂါးမောက်သီးကို စိုက်ပျိုးကြကြောင်း သိရသည်။

နဂါးမောက်သီးနှံကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီတွင် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် နဂါးမောက်ကိုင်းကူးပင်များကို ဝယ်ယူစိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် အသီးများစတင်သီးကြောင်း၊ နဂါးမောက်ကိုင်းကူးပင်များကို ပင်ခြား ခုနစ်ပေ၊ တန်းခြား ရှစ်ပေအကွာဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် နဂါးမောက်အပင်ရေ ၂၀၀-၂၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် နဂါးမောက်သီး ၁၄၀၀၀ လုံးခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြပြီး တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းကျော်ခန့် အမြတ်ရရှိရာ နဂါးမောက်သီးသည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ရာ နဂါးမောက်သီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကာ နှစ်စဉ်ဝင်ငွေရရှိကြောင်း သိရသည်။



## ၁၄-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၂၈၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | | ၈၀၀၀ | | ၇၉၇၉ | ၂၅၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၈၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၇၀၀ | ၂၃၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၃၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၃၇ | ၁၈၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၃၂ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၇၀၀၀ | ၇၁၅၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၃၅၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၂၉၀ | ၁၃၅၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၁၀၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၄၁၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၆၈၀၀ | ၉၅၀၀ | ၁၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၁၂ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၇၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၃ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၅၀၀ | ၂၂၀၀ | ၉၈၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၁၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ |
| ၁၄ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၃၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၅ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ |
| ၁၆ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၇၀၀၀ | ၆၉၁၀ | ၁၁၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၇ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၇၉၀ | ၁၁၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၇၀၀ | ၉၀၀၀ | ၃၆၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၈ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၇၉၀ | ၁၀၀၀၀ | ၁၈၀၀ | ၈၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၉ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၆၀၀ | ၆၇၂၆ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၇၂၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၇၀၀ |
| ၂၀ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၈၀၀ | ၆၇၂၆ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၁၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၅၀၀ | ၁၇၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၉၀၀ |
| ၂၁ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၃၀၀၀ | ၂၀၀၀၀ |



# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ ဘုန်းတော်ကြီးကျောင်းများအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင် အလှူငွေများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၄

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ဝါဆိုဦးအလှူအဖြစ် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင် အလှူငွေများ လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါအသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံကျောင်း၌ ဝါဆိုဝါကပ်တော်မူကြသည့် စာသင်သားရဟန်း၊ သံဃာ ၁၁၇ ပါးအတွက် စာရေးကိရိယာများနှင့် ပညာရေးငွေပဒေသာပင် အလှူငွေကျပ် ၃၅ သိန်းကို တိပိဋ္ဌက ယောဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ အတွင်းရေးမှူးဦးစီးသောအဖွဲ့သည် ဇူလိုင် ၁၁ ရက်က ရန်ကင်းမြို့နယ်ရှိ ပဥ္စနိကာယသာသနာ ဗိမာန်ကျောင်းတိုက်အတွက် စာရေးကိရိယာများနှင့် ပညာရေးပဒေသာပင် အလှူငွေများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သာပေါင်းမြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်

သာပေါင်း ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်မေသူဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

ထို့နောက် မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို သင်တန်းနည်းပြ ၁၂ ဦးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက်တည်ဆောက်ပုံနှင့် စက်တပ်ဆင်ခြင်း၊ စမ်းသပ်မဲပေးခြင်း၊ ဖြန့်ခွဲခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံများအား လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်/ကျေးရွာစာရေး ၈၆၄ ဦးတို့ကို ဇူလိုင် ၁၄ ရက်မှ ၃၁ ရက်အထိ တစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၁၂၀ ကို သင်တန်းကာလ နှစ်ရက်ဖြင့် ရှစ်ကြိမ် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်မျိုးဦး(ပြန်/ဆက်)





# ဓမ္မပါလဆရာတော်မွေးနေ့နှင့် ဓမ္မစကြာအောင်ပွဲနေ့အထိမ်းအမှတ် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက် ဓမ္မပါလဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ ဓမ္မကထိက၊ ဂုဏ်ထူးဆောင်ကိုးဘွဲ့ရ၏ ဝိဇာတမင်္ဂလာနှင့် ဓမ္မစကြာဆောင်းပါးပြိုင်ပွဲ၊ ဝတ်ရွတ်ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဓမ္မာ့သီရိဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကောဝိဒ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ သရဏဂုံနှင့် သီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ယံဒုန္နိမိတ္တံသုံးဂါထာနှင့် ဘဝတုသဗ္ဗမင်္ဂလံသုံးဂါထာကို နာကြားခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဇောတိပါလ(အဂ္ဂမဟာပဏ္ဍိတ)ထံမှဩဝါဒစကား နာကြားခဲ့သည်။

ထို့နောက် တရားဦးဓမ္မစကြာဆောင်းပါးပြိုင်ပွဲနှင့် ဝတ်ရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၃၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# သန်လျင်မြို့၌ သမဝါယမအသင်း နှစ်ပတ်လည်ကျင်းပ

သန်လျင် ဇူလိုင် ၁၄

သန်လျင်မြို့ ပဲခူးစုရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်ကဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးလှိုင်မင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းသား အသင်းသူများအား အစုပေါ်အမြတ်နှင့် အသင်းသား အကျိုးဝေစုများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

## လယ်စောင့်တဲ

*မိုးရေတက်ရေ တဖွေးဖွေး*
*ကွင်းကျယ် အဝေးဝေး။*
*လယ်စောင့်တဲလေး ခြေတံရှည်*
*မိုးကုပ် အောက်မှာ တည်။*
*ကြာနီ တစ်ပွင့် ဖြူ တစ်ပွင့်*
*တဲ နဲ့ ပန်း တင့်။*

မင်းသုဝဏ်

**လယ်စောင့်တဲ (The Farm Hut): Poet Min Thu Wun**

မင်းသုဝဏ်ရဲ့ **"လယ်စောင့်တဲ"** (The Farm Hut) ကဗျာလေးက လယ်ကွင်းထဲက တဲလေးတစ်လုံးရဲ့ပုံရိပ်ကို ပတ်ဝန်းကျင်ရဲ့ သာယာလှပမှုတွေနဲ့ ပေါင်းစပ်ပြီး လှပအောင်ရေးဖွဲ့ထားတာပါခင်ဗျာ။

သီရိပျံချီ မင်းသုဝဏ် (၁၉၀၉ ဖေဖော်ဝါရီ ၁၀ ရက် – ၂၀၀၄ ဩဂုတ် ၁၅ ရက်) က မြန်မာ့စာပေလောကမှာ **ခေတ်စမ်းစာပေ**လှုပ်ရှားမှုကို စတင်ခဲ့တဲ့ ထင်ရှားတဲ့ မြန်မာကဗျာဆရာ၊ စာရေးဆရာနဲ့ ပညာရှင်တစ်ဦး ဖြစ်ပါတယ်ခင်ဗျာ။

**"မိုးရေတက်ရေ တဖွေးဖွေး"**

ဒီစကားစုက မိုးရွာပြီးလို့ဖြစ်ဖြစ်၊ ရေတက်လာလို့ဖြစ်ဖြစ် **ရေတွေဖွေးနေတဲ့မြင်ကွင်း**ကို ပြောတာပါ။ လယ်ကွင်းထဲမှာ ရေတွေပြည့်ပြီး တော်တော်လေး လှနေတဲ့ပုံပါ။

**"ကွင်းကျယ် အဝေးဝေး"**

ဒီတော့ **ကျယ်ပြန့်တဲ့ လယ်ကွင်းကြီး**ရဲ့အလှကို ဆက်ဖော်ပြတာပေါ့။

**"လယ်စောင့်တဲလေး ခြေတံရှည်"**

အဲဒီကျယ်ပြန့်တဲ့ လယ်ကွင်းကြီးထဲမှာ **ခြေတံရှည်ရှည်နဲ့ လယ်စောင့်တဲလေးတစ်လုံး**ရှိတယ်လို့ ဆိုလိုတာပါ။ ခြေတံရှည်တယ်ဆိုတာ ရေဝင်တာတို့၊ မြေကြီးအစိုဓာတ်တို့ကနေ ကာကွယ်ဖို့အတွက် မြေပြင်ထက်မြင့်အောင် ဆောက်ထားတာမျိုးပေါ့။

**"မိုးကုပ် အောက်မှာ တည်"**

ဒီနေရာမှာ **"မိုးကုပ်"** ဆိုတာက မိုးနဲ့မြေ ဆုံတဲ့နေရာ၊ ကောင်းကင်နဲ့မြေကြီး ထိစပ်နေသလို မြင်ရတဲ့ **မိုးကုပ်စက်ဝိုင်း**ကို ပြောတာပါ။ ဝေးလံပြီး သီးခြားတည်ရှိတဲ့ သဘောမျိုးကို ပေါ်လွင်စေပါတယ်။

**"ကြာနီ တစ်ပွင့် ဖြူ တစ်ပွင့်"**

ကဗျာကို ပိုလှစေတာကတော့ ဒီအပိုဒ်ပါပဲ။ လယ်စောင့်တဲလေး နားမှာ **ကြာပန်းနီနီလေးတစ်ပွင့်ရယ်၊ ကြာပန်းဖြူဖြူလေးတစ်ပွင့်ရယ်** ပွင့်နေတယ်လို့ ဆိုလိုတာပါ။ ဒါက တဲလေးရဲ့ ပတ်ဝန်းကျင်ကို ပိုပြီး သာယာလှပသွားစေတာပေါ့။

**"တဲ နဲ့ ပန်း တင့်"**

နောက်ဆုံးမှာတော့ အဲဒီကြာပန်းလေးတွေက **တဲလေးနဲ့ တော်တော်လေးလိုက်ဖက်နေတယ်၊ လှပနေတယ်**လို့ ပြောတာပါ။ တဲလေးရဲ့ ရိုးရှင်းတဲ့အလှနဲ့ ကြာပန်းလေးတွေရဲ့ သဘာဝအလှက ပေါင်းစပ်ပြီး အတော်ကို လိုက်ဖက်ညီနေတယ်ပေါ့။

ဒီကဗျာလေးက ရိုးရှင်းတဲ့ လယ်တဲလေးတစ်လုံးကို သဘာဝအလှအပတွေနဲ့ပေါင်းစပ်ပြီး လှပတဲ့မြင်ကွင်းတစ်ခုကို ဖန်တီးပြထားတာပါ။ တောနယ်ဘက်က ရှုခင်းတွေ၊ အေးချမ်းတဲ့ဘဝလေးတွေကို သဘောကျတဲ့သူတွေအတွက် ခံစားလို့ကောင်းတဲ့ ကဗျာလေးပါပဲခင်ဗျာ။



**Sentence Composing Practice**

Imagine a big, open field. White water is gently rising, sparkling like glitter. This field goes on and on, far, far away.

In this huge field, there's a little farm hut.

It has long legs that lift it up, so it's not sitting right on the wet ground.

The hut is standing right where the sky meets the land in the distance.

It's all by itself in the wide–open space.

Close to the hut, there are two pretty flowers.

One is a red lotus and the other is a white lotus.

Their bright colors make the whole scene even more lovely, and they look just right with the hut.

**Present Simple Tense**

ဒီကဗျာထဲမှာ Present Simple Tense (ပစ္စုပ္ပန်ကာလ ရိုးရိုး) ကို ဘာလို့သုံးလဲဆိုတော့ **အမြဲမှန်တဲ့အရာတွေ၊ တည်မြဲနေတဲ့အခြေအနေတွေ**ကို ပြောပြချင်လို့ပါ။

ဥပမာ၊ "field goes on and on" (လယ်ကွင်းကြီးက ကျယ်ပြန့်နေတာ)၊ "there's a little farm hut" (လယ်တဲလေးရှိနေတာ)၊ "it has long legs" (ခြေတံရှည်တွေပါတာ) စတာတွေက မြင်ကွင်းရဲ့ **အမြဲတမ်းရှိနေတဲ့ အသွင်အပြင်တွေ** ဒါမှမဟုတ် **အချက်အလက်တွေ**ကို ဖော်ပြတာပါ။

အလားတူပဲ "it's not sitting right on the wet ground" (မြေကြီးပေါ် တိုက်ရိုက်မတည်ရှိတာ)၊ "the hut is standing" (တဲက တည်ရှိနေတာ)၊ "sky meets the land" (မိုးနဲ့မြေ ဆုံတာ) စတာတွေကလည်း **တည်မြဲတဲ့အနေအထားတွေ** ဒါမှမဟုတ် **အမှန်တရားတွေ**ကို ဖော်ပြပါတယ်။

ကြာပန်းတွေရဲ့အရောင်တွေက မြင်ကွင်းကို "make" (လှစေတာ) နဲ့ တဲနဲ့ "look" (လိုက်ဖက်တာ) တွေကလည်း သူတို့ရဲ့ **တည်မြဲတဲ့ သက်ရောက်မှု**ကိုပြတယ်။

**WORDS**

**Imagine** – စိတ်ကူးကြည့်ပါ, **Big** – ကြီးမားသော, **Open** – ပွင့်လင်းသော, **Field** – လယ်ကွင်း, **White** – အဖြူ, **Water** – ရေ, **Gently** – ညင်သာစွာ, **Rising** – တက်နေသော, **Sparkling** – တလက်လက်တောက်ပနေသော, **Glitter** – အရောင်တလက်လက်, **Far away** – အဝေးကြီး, **Huge** – ကြီးမားသော, **Little** – သေးငယ်သော, **Farm hut** – လယ်စောင့်တဲ, **Long** – ရှည်လျားသော, **Legs** – ခြေထောက်များ, **Lift up** – မြှင့်တင်သည်, **Wet** – စိုစွတ်သော, **Ground**– မြေကြီး, **Sky** – မိုးကောင်းကင်, **Meets** – တွေ့ဆုံသည်, **Land** – မြေကြီး, **Distance** – အကွာအဝေး, **By itself** – သူ့ဘာသာသူ, **Wide–open space** – ကျယ်ပြန့်သောနေရာ, **Close to** – အနီးတွင်, **Pretty** – လှပသော, **Flowers** – ပန်းများ, **Red** – အနီရောင်, **Lotus** – ကြာပန်း, **Other** – အခြား, **Bright** – တောက်ပသော, **Colors** – အရောင်များ, **Scene** – မြင်ကွင်း, **Lovely** – ချစ်စဖွယ်ကောင်းသော, **Look just right**– လိုက်ဖက်ညီသည်။

---

# စကားလုံးလျော့နေသည့် အမှားများ

လှသမိန်

(၁၀–၇–၂၀၂၅ ရက်နေ့မှအဆက်)

ဏ

**အမှား။** ကုန်ကြမ်းများကို **ယခုဆို လိုသမျှ** ကိုသာ ထုတ်ပေးသည်။

**အမှန်။** ကုန်ကြမ်းများကို ယခုဆို**(လျှင်)** လိုသမျှကိုသာ ထုတ်ပေးသည်။

**အကြောင်းပြ။** (ဆိုသော်၊ ဆိုလျှင်)တို့ကို (ဆို)တစ်လုံးတည်း သုံးရာ၌ ရှေ့က (လို)နှင့်ဆက်၍ အဓိပ္ပာယ် ယူလျှင် (ဆိုလိုသမျှ) ဟူ၍အဓိပ္ပာယ်ရောက်စေနိုင်သဖြင့် (လျှင်) ကို ဖြည့်သွင်းရသည်။

တ

**အမှား။** အားလပ်သောအခါ သတင်းစာဖတ်**ခြင်း**၊ ဖတ်သင့်သော စာအုပ်ကောင်းများကို ဖတ်သင့်ပေသည်။

**အမှန်။** အားလပ်သောအခါ သတင်းစာကိုဖတ်**ခြင်း**၊ ဖတ်သင့်သော စာအုပ်ကောင်းများကို ဖတ်**ခြင်းပြု**သင့်ပေသည်။

**အကြောင်းပြ။** ဝါကျရှေ့ပိုင်းနှင့် နောက်ပိုင်း မစပ်မိသဖြင့် ရှေ့ကြိယာအဆုံးနှင့် တူညီအောင် (ခြင်း)နှင့် ကြိယာနာမ်နှစ်ခုလုံးအတွက် (ပြု)ကိုပါ ဖြည့်သွင်းရပေသည်။

ထ

**အမှား။** ဘခင်သည် ဘုန်းတော်ကြီး **သွားပင့်**သည်။

**အမှန်။** ဘခင်သည် ဘုန်းတော်ကြီးကို **ပင့်ရန်သွား**သည်။

**အကြောင်းပြ။** ဘုန်းတော်ကြီး၏ သွားတော်ကို ပင့်ဆောင်သည်ဟု အမှတ်လွဲစရာရှိ၍ သွားရောက်ခြင်းကို ထင်ရှားအောင်ပြောင်းလဲ၍ ရေးထားသည်။ တစ်နည်းအားဖြင့်– ဘခင်သည် ဘုန်းတော်ကြီးထံ သွား၍ပင့်သည်။ ဟူ၍လည်း ရေးနိုင်ပေသည်။

ဒ

**အမှား။** ဘောလုံးကန်လျှင် **အကျိုးဖြစ်**နိုင်သည်။

**အမှန်။** ဘောလုံးကန်လျှင် **အကျိုး(ကျေးဇူး)ဖြစ်**နိုင်သည်။

**အကြောင်းပြ။** (အကျိုး)မှာ ခြေကျိုးလက်ကျိုးနှင့် ကွဲလွဲမှားယွင်းနိုင်သဖြင့် လိုရာအဓိပ္ပာယ် ကွဲပြားပေါ်လွင်စေရန် (ကျေးဇူး)ကို ထည့်သွင်းပေးရသည်။

ဓ

**အမှား။** သူသည် နေ့စဉ် ထမင်းစားရေး **အလုပ်လုပ်ရ**၏။

**အမှန်။** သူသည် နေ့စဉ် ထမင်းစားရေး**(အတွက်)**အလုပ်လုပ်ရ၏။

**အကြောင်းပြ။** ထမင်းစားရေးအလုပ်မှာ စားသောက်ရန် ဝယ်ခြမ်း၊ ချက်ပြုတ်ကြောင်း အလုပ်ကိုဆိုလိုသကဲ့သို့ ဖြစ်နေသည်။ ဝမ်းရေးအလို့ငှာ အခြားအလုပ်လုပ်ကိုင်ကြောင်း ထင်ရှားစေရန် (အတွက်)ကို ဖြည့်သွင်းရသည်။

န

**အမှား။** ဆံပင်**များက** ခြောက်သွေ့ခဲသည်။

**အမှန်။** ဆံပင်**များပါက** ခြောက်သွေ့ခဲသည်။

**အကြောင်းပြ။** (ဆံပင်များက)ဟု ဆိုသဖြင့် (ဆံပင်များသည်) ဟူသော ကတ္တားပုဒ်တစ်ခုတည်း အဓိပ္ပာယ်ရသည်။ (များခဲ့သည်ရှိသော်) ဟူသော အဓိပ္ပာယ်မရောက်စေနိုင်ပေ။ ထို့ကြောင့် (က)ကို (လျှင်၊ ခဲ့သော်) အဓိပ္ပာယ်ကွဲပြားစေရန် (ပါ)ကို ဖြည့်ပေးရသည်။

ပ

**အမှား။** လေးလုံးစပ်နည်း **မှန်က** ကောင်းသည်။

**အမှန်။** လေးလုံးစပ်နည်း **မှန်(ကန်)က** ကောင်းသည်။

**အကြောင်းပြ။** (မှန်က)သည် (ဟူက)အဓိပ္ပာယ်ရှိ၍ လေးလုံးစပ်နည်းဟူသမျှ ကောင်းသည်ဟု အဓိပ္ပာယ်ရသည်။ (မှန်ကန်) အဓိပ္ပာယ်ပေါ်စေရန် (ကန်)ကို ထည့်သွင်းထားသည်။

ဖ

**အမှား။** သူသည် သမီးကို **ဆင်ပြ**သည်။

**အမှန်။** သူသည် သမီးကို **ဆင်၍ပြ**သည်။

**အကြောင်းပြ။** ဆင်ပြသည်မှာ ဆင်ကောင်ကို လက်ညှိုးထိုး၍ ပြသည့် အဓိပ္ပာယ်ရှိ၍၊ ပြင်ဆင်၊ ဆင်ယင်ဝတ်စားစေ၍ ပြသည့်အနက်သို့ မရောက်ဘဲ ရှိသည်။

ဗ

**အမှား။** စားသောက်ပြီးသောအခါ **ဆေးရုံ**သာ ကျန်သည်။

**အမှန်။** စားသောက်ပြီးသောအခါ **ဆေးကြောရုံ**သာကျန်သည်။

**အကြောင်းပြ။** ဆေးရုံမှာ လူနာကု ဆေးရုံကို ဆိုလိုသကဲ့သို့ ရောမှား ထင်မှတ်စရာရှိနေသည်။

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

# ၂၀၂၅ ခုနှစ် (၁၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

၂၀၂၅ ခုနှစ် (၁၁)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ် လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်မှူးချုပ် မောင်မောင်စိုးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနိုင်ရေး မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ် အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၄**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်၍ အောင်မြင်မှုများရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ် အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းရှိ ရုံးဟောင်းခန်းမ၌ စတင်ဖွင့်လှစ်သည်။




ဦးစွာ မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ/နည်းစနစ်ဆရာ Mr.Chavalit Jirayukul က နှုတ်ဆက်စကား ပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းတွင် ဗီဒီယိုကလစ်ဖြင့် လက်တွေ့ပြသသင်ကြားခြင်း၊ Teqball နည်းစနစ် စည်းမျဉ်းစည်းကမ်းများကို စာတွေ့လက်တွေ့ ပို့ချဆွေးနွေးခြင်း၊ Teqball ဒိုင်လုပ်ငန်းနှင့် ပတ်သက်၍ သင်ကြားပို့ချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး၊ သင်တန်းသူ ငါးဦးတို့ တက်ရောက်လျက်ရှိကာ ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် သင်တန်းနည်းပြ/နည်းစနစ်ဆရာ Mr.Chavalit Jirayukul၊ ဒိုင်ချုပ် Mr.Veerapol Nakaprawing နှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**လင်းရာမ**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ကြိုတင်ပြင်ဆင်

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲအပြီးတွင် ရက်ပိုင်းသာအနားယူကာ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဒဏ်ရာကြောင့် အာရှဖလားခြေစစ်ပွဲ လွဲချော်ခဲ့သည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းလည်း ပဏာမလူစာရင်းတွင် ပြန်လည်ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပဏာမ ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်နေပြီး တရုတ်ခြေစမ်းခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားမည်ဖြစ်ကာ အာဆီယံပြိုင်ပွဲအတွက် အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၁၉ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တရုတ်ယူ-၂၀ အသင်း၊ တရုတ်အမျိုးသမီးကလပ်အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၃၊ ၂၆ ရက်တွင် တရုတ် ယူ-၂၀ အသင်း၊ ဇူလိုင် ၃၀ ရက်တွင် တရုတ်အမျိုးသမီးကလပ် ချောင်ချွန်အသင်းတို့နှင့် ကစားမည်ဖြစ်သည်။

## ယှဉ်ပြိုင်ကစား

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အုပ်စု(က)တွင် အိမ်ရှင်ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ မြန်မာ၊ ဩစတြေးလျ၊ တီမောအသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၇ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ထွဏ်းသွေးအိမ်**

# ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**ကျုံပျော် ဇူလိုင် ၁၄**

ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား သုံးမြို့နယ်အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ကျုံပျော်မြို့နယ်အသင်းနှင့် ကျောင်းကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒုတိယပိုင်းပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီရရှိ၍ ပင်နယ်တီကစားခဲ့ကြရာ ကျောင်းကုန်းမြို့နယ် အသင်းက ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ပထမဆုရ ကျောင်းကုန်းမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် ကျုံပျော်၊ ကျောင်းကုန်း၊ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဒုတိယဆု၊ အကောင်းဆုံးဘောလုံးသမားဆု၊ တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက် နှစ်ကွက်ကို ဦးသီဟဦးမှ ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခင်မေကြည်(ခ)မယု[၉/မရတ(နိုင်)၀၆၇၈၅၇]ထံသို့ စာချုပ်စာတမ်းဖြင့် ပေးအပ်ထားပြီး ဖြစ်သည့်အပြင် အထွေထွေကိုယ်စားလှယ် လွှဲစာကိုလည်း လွှဲအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း စာချုပ်ကိုလည်း မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိရုံးတွင် (၂-၉-၂၀၁၉)နေ့ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၅၆၂၀၉/၂၀၁၉/၃၆ နှင့် ၅၆၂၁၀/၂၀၁၉/၃၆ တို့ဖြင့် တရားဝင် မှတ်ပုံတင်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ဒေါ်ခင်မေကြည် မှ ဦးသီဟဦးနှင့် ဒေါ်ခင်မေကြည်တို့၏ သားဖြစ်သူ မောင်ပိုင်ဖြိုးသီဟထံသို့ အထက်ဖော်ပြပါ ဂရန်မြေနှစ်ကွက်ကို အပြီးအပိုင်ပေးအပ်ခြင်းနှင့် မောင်ပိုင်ဖြိုးသီဟ အမည်ပေါက်အဖြစ် ပြောင်းလဲပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ယင်းကိစ္စကို ဦးသီဟဦး အနေဖြင့်လည်း ကိုယ်တိုင်သိရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၅) ဦးပိုင်အမှတ်(၁၂၂)နှင့် ဦးပိုင်အမှတ် (၁၂၃)ဂရန်မြေနှစ်ကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိထားသူဖြစ်သည့် ဒေါ်ခင်မေကြည်(ခ)မယု ၏ခွင့်ပြုချက် မရရှိဘဲ မည်သူတစ်စုံတစ်ဦးကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း လွှဲပြောင်း ပေးခြင်း သို့တည်းမဟုတ် အလားတူ သဘောသက်ရောက်စေသည့် ပြုလုပ်မှု တစ်စုံတစ်ရာကိုမှ ဆောင်ရွက်ခြင်း မပြုကြပါရန်နှင့် ယင်းကဲ့သို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ**<br>**ဒေါ်ခင်မေကြည်(ခ)မယု**<br>**[၉/မရတ(နိုင်)၀၆၇၈၅၇]** | **လွှဲအပ်ညွှန်ကြားချက်အရ**<br>**ဦးကျော်တင့်B.A (Law), LL.B**<br>**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၄၈/၈-၁၁-၈၄)**<br>**အမှတ်(၉)၊ ၃၂x၃၃ လမ်း၊ ၆၆x၆၇ လမ်းကြား၊**<br>**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**<br>**Ph:09-441017373, 09-255564492** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာအတွင်းရှိ တိုက်အမှတ် (CL-10)၊ (၅)လွှာ၊ အခန်း(၅၂၁)၊ (၈၅၀)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်လင်းထွန်း [၈/စမန(နိုင်)၀၄၇၂၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက်**
**(တရားလွှတ်တော်ရှေ့နေ) စဉ် - ၁၂၈၉၁**
**ဖုန်း - ၀၉-၂၅၄၃၁၈၄၀၇၊ ၀၉- ၅၁၇၃၂၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၇၆၈၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၇၆၈)၊ ရွှေဗဟိုပတ်လမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ အမည်ပေါက် - ဦးမောင်အေး[၁၂/ကမရ(နိုင်)၀၀၈၂၃၈]မြေကွက်အား အမည်ပေါက် (ဖခင်) ဦးမောင်အေး သည် (၂၀-၂-၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်ခင်သန်းမြင့်[၁၂/ကမရ(နိုင်)၀၀၈၂၄၅] သည် (၁၂-၈-၂၀၁၇)ရက် နေ့တွင်လည်းကောင်း၊ ညီဖြစ်သူ ဦးကျော်ဝင်းအေး[၁၂/ကမရ(နိုင်)၀၄၉၂၄၃]သည် လူပျိုကြီးဘဝဖြင့် (၁၅-၇-၂၀၂၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးကျော်မင်းအေး [၁၂/ကမရ(နိုင်)၀၄၃၃၃၆]မှ သား/အစ်ကိုတော်စပ်သူဖြစ်ကြောင်း ဖခင်၊ မိခင် နှင့် ညီတော်စပ်သူတို့ ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း၊ ၎င်းတို့ညီအစ်ကို(၂)ဦးမှလွဲ၍ အခြားသော ကိတ္တိမ သား / သမီး တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ မိဘများနှင့် ညီဖြစ်သူတို့ သက်ရှိထင်ရှားရှိစဉ်ကလည်း ၎င်းမှပင် ကောင်းမွန်စွာပြုစု ကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ၎င်းတို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်သည့် အားလျော်စွာ ဦးမောင်အေး မကွယ်လွန်မီက မည်သည့်သေတမ်းစာမျှ ရေးသားထားခြင်း မရှိကြောင်း၊ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား ၎င်းကသာလျှင် အကျိုးခံစားခွင့်ရှိကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း အလုံခရိုင်တရားရုံးတွင် ကတိသစ္စာပြုလွှာ အမှတ်- ၂၇၀/၆-၃-၂၀၂၅ ဖြင့် ကိုယ်တိုင်ကတိသစ္စာပြုလွှာ၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ ဖခင် ဦးမောင်အေး၊ မိခင် ဒေါ်ခင်သန်းမြင့်နှင့် ညီဖြစ်သူ ဦးကျော်ဝင်းအေးတို့၏ သေဆုံးမှုလက်မှတ်(၃)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၇၆၆၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာ အမှတ်(၇၆၆)၊ ရွှေဗဟိုပတ်လမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ အမည်ပေါက် - ဦးမောင်အေး[၁၂/ကမရ (နိုင်)၀၀၈၂၃၈] မြေကွက်အား အမည်ပေါက် (ဖခင်) ဦးမောင်အေး သည် (၂၀-၂-၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ (မိခင်) ဒေါ်ခင်သန်းမြင့်[၁၂/ကမရ(နိုင်)၀၀၈၂၄၅] သည် (၁၂-၈-၂၀၁၇) ရက် နေ့တွင်လည်းကောင်း၊ ညီဖြစ်သူ ဦးကျော်ဝင်းအေး[၁၂/ကမရ(နိုင်)၀၄၉၂၄၃]သည် လူပျိုကြီးဘဝဖြင့် (၁၅-၇-၂၀၂၂) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးကျော်မင်းအေး [၁၂/ကမရ(နိုင်) ၀၄၃၃၃၆] မှ သား/အစ်ကိုတော်စပ်သူဖြစ်ကြောင်း ဖခင်၊ မိခင်နှင့် ညီတော်စပ်သူတို့ ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း၊ ၎င်းတို့ညီအစ်ကို(၂)ဦးမှလွဲ၍ အခြားသော ကိတ္တိမ သား / သမီး တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ မိဘများနှင့် ညီဖြစ်သူတို့ သက်ရှိထင်ရှားရှိစဉ်ကလည်း ၎င်းမှပင် ကောင်းမွန်စွာပြုစုကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ၎င်းတို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်သည့် အားလျော်စွာ ဦးမောင်အေး မကွယ်လွန်မီက မည်သည့်သေတမ်းစာမျှရေးသားထားခြင်းမရှိကြောင်း၊ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား ၎င်းကသာလျှင် အကျိုးခံစားခွင့်ရှိကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေ ဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း အလုံခရိုင်တရားရုံးတွင် ကတိသစ္စာပြုလွှာအမှတ်- ၂၄၆/၆-၃-၂၀၂၅ ဖြင့် ကိုယ်တိုင်ကတိသစ္စာပြုလွှာ၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ ဖခင် ဦးမောင်အေး၊ မိခင် ဒေါ်ခင်သန်းမြင့်နှင့် ညီဖြစ်သူ ဦးကျော်ဝင်းအေးတို့၏ သေဆုံးမှုလက်မှတ်(၃)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ Platinum Garden ၊ လူနေရပ်ကွက်-(ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၄)၊ မြေကွက်အမှတ် (၁၇၇)၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ မြေကွက်(၁)ကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်နိုင် (၁၂/အလန(နိုင်)၀၀၀၁၃၁) ဒါရိုက်တာ(Great Green Alliance Co., Ltd)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉၅၁၈၆၀၄၅

## ဦးစံညွှန့် [၁၂/မဂတ(နိုင်)၀၆၉၃၄၄]ကိုင်ဆောင်သူ သိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)၊ သဏ္ဍာနှင်းဆီလမ်း၊ အမှတ်(၁၂၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၇/၆)၊ မြေကွက်အမှတ်(၄၁)၊ အကျယ်အဝန်း (အလျား ၇၀ပေxအနံ၁၀၀ပေ)၊ ဧရိယာ (၀.၁၆၀)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစံညွှန့်မှ **အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောအေး [၁၃ /ကခန (နိုင်)၀၇၇၁၀၅] မှ ဝယ်ယူ၍ လက်ရောက် ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါ မြေကွက် နှင့် အဆောက်အဦအား တရားဝင် အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ရန် လိုအပ်လာပါသဖြင့်** လူကြီးမင်းမှ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက်ဆက်သွယ် ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်း သိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဒေါ်ထိုက်နန္ဒာ | နှင့် | ၁။ Family United Power Co.,Ltd (ကုမ္ပဏီကိုယ်စား အထွေထွေ မန်နေဂျာဦးစောအောင်သူလင်း) ၂။ ဦးစန်းလွင် |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ အမှတ်(၁၆၂)နေ အမှတ်(၂) လျှောက်ထားခံရသူ ဦးစန်းလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ **လျှောက်ထားသူ**က ဤရုံးသို့ **တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ပညတ်ဝရမ်းခွာပေးပါရန်** လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်)**နေ့ နံနက် ၁၀:၀၀နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄** ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## Premio 2012 Model 6Q/1326(အဖြူရောင်) ကားနှင့်ပတ်သက်၍ ဦးမင်းညီညီ [၇/ပတတ(နိုင်)၀၈၁၅၇၈] (ဘ) ဦးစိုးဝင်းနှင့် အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ မြစ်ငယ်ကျောင်းလမ်း၊ အမှတ်(၄၃)တွင် နေထိုင်သူ ဒေါ်ဆုမွန်ဖြိုး [၆/မမန (နိုင်)၁၂၀၅၃၇] (ဘ) ဦးဇော်ဝင်း (ခ) ဦးဟုတ်ရှူး (မီကို ငါးပိ၊ ပုဇွန်ခြောက်၊ ကမ်းဇော်ဆီနှင့် မြိတ်ဒေသထွက် လက်ဆောင်ပစ္စည်း အရောင်းဆိုင်)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမွန်ဖြိုးနှင့် ဦးမင်းညီညီတို့သည် (၃၁-၁၀-၂၀၁၃) ရက်နေ့မှစ၍ နှစ်ဖက်မိဘများစုံညီ ရှေ့မှောက်တွင် မင်္ဂလာဆည်ခံပွဲပြုလုပ်ခဲ့ပြီး၊ လက်ထပ်ခဲ့ရာ သား (၂) ဦးထွန်းကားခဲ့ကြောင်း သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေ အိမ်ထောင်ပြုပြီးသည့်အချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေ၏ မိဘများမှ ရန်ကုန်မြို့၌ မီကိုအမည်ဖြင့် မြိတ်ဒေသထွက် ရေထွက်ပစ္စည်းအမျိုးမျိုး အရောင်းဆိုင်အား အရင်းအနှီးထုတ်၍ ရောင်းချစေခဲ့သည်ဟု သိရှိရပါသည်။ ထိုဆိုင်မှရရှိလာသည့် အကျိုးအမြတ်ငွေများကို ရန်ကုန်မြို့ရှိ ရွှေပွင့်ဖြူကားဂိတ်တွင် ၂၀၁၅ ခုနှစ်မှစ၍ အလီလီထည့်ဝင်ခဲ့ရာ စုစုပေါင်းထည့်ဝင်ငွေမှာ ကျပ်သိန်း (၈၅၀) ရှိပြီဖြစ်ကြောင်းနှင့် ထိုငွေများမှာ ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့ ပေါင်းသင်းနေထိုင်စဉ်က (၂) ဦးပိုင် လက်ထက်ပွားဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် Premio 2012 Model 6Q/1326 ကားအဖြူရောင် (၁) စီးအားလည်း ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့ ပေါင်းသင်းနေထိုင်စဉ်က (၂) ဦးပိုင် လက်ထက်ပွားအဖြစ် ဝယ်ယူပိုင်ဆိုင်ထားကြောင်း သိရှိရပါသည်။

ထိုသို့ ပေါင်းသင်းနေထိုင်ရာမှ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်း၊ ဇနီးဖြစ်သူနှင့် မိသားစုအား အရှက်တကွဲအကျိုးနည်းဖြစ်စေရန် ပတ်ဝန်းကျင်တွင် မဟုတ်မမှန်စွပ်စွဲချက်သတင်းများကို ဖုန်းဖြင့်လည်းကောင်း၊ Facebook စာမျက်နှာတွင်လည်းကောင်း၊ Viber, Messenger တွင်လည်းကောင်း တင်၍ အကြိမ်ကြိမ် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခဲ့သည်ဟု သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ဇနီးဖြစ်သူအပေါ် ခင်ပွန်းကောင်းဝတ္တရား၊ သားများအပေါ် ဖခင်ကောင်းဝတ္တရားများ ကျေပွန်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေမှ မြိတ်ခရိုင်တရားရုံးတွင် လူကြီးမင်းအပေါ် "လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု" ဖြင့် တရားစွဲဆိုခဲ့ပြီး၊ လူကြီးမင်းထံ တရားရုံးတော်မှ အကြောင်းကြားစာပို့၍လည်းကောင်း၊ သတင်းစာမှတစ်ဆင့် လူကြီးမင်းအား တရားစွဲဆိုထား၍ အမှုလာရင်ဆိုင်ရန် ကြေညာချက်ထုတ်ဆင့်၍ လည်းကောင်း ပြုလုပ်ခဲ့သော်လည်း လူကြီးမင်းမှ တရားရုံးတော်သို့ လာရောက်အမှုရင်ဆိုင်ခဲ့ခြင်းမရှိသဖြင့် မြိတ်ခရိုင်တရားရုံးတော်မှ အမှုအားစစ်ဆေးခဲ့ပြီး၊ အမှုတွင် ပေါ်ပေါက်ချက်များအရ (၂၄-၁၂-၂၀၂၄) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအပေါ် တရားစွဲဆိုခဲ့သည့်အတိုင်း လင်မယားအဖြစ်မှ ကွာရှင်းခွင့်ပြုကြောင်း ဒီကရီချမှတ်ခဲ့ပြီး၊ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့ နှစ်ဦးလက်ထက်ပွားအဖြစ် ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း (၉) မျိုးနှင့် Premio 2012 Model 6Q/1326 ကား (အဖြူရောင် ၁ စီး)၊ ရန်ကုန်မြို့၊ ရွှေပွင့်ဖြူကားဂိတ်တွင် ၂၀၂၄ ခုနှစ်အထိ အစုရှယ်ယာထည့်ဝင်ထားသော နှစ်ဦးပိုင်ငွေကျပ်သိန်း (၈၅၀)၊ အစုရှယ်ယာငွေကျပ်သိန်း (၈၅၀) အပေါ်တွင် လစဉ်အမြတ်ငွေ (၂၅) သိန်း၊ (၄) လ (၂၀၂၄ ခုနှစ်၊ ၇ လ ပိုင်းအထိ)အတွက် စုစုပေါင်းအမြတ်ငွေကျပ်သိန်း (၁၀၀) စသည်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ လူကြီးမင်းနှင့် ထက်ဝက်စီရယူစေရန် အပြီးသတ်ဒီကရီ ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ လင်မယားအဖြစ် ကွာရှင်းခွင့် အပြီးသတ်ဒီကရီချပြီးဖြစ်သည့်နေ့ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအား တစ်ဖက်သတ် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ နောက်နောင် လူကြီးမင်းနှင့်ပတ်သက်ပြီးဖြစ်ပေါ်လာသည့်ကိစ္စမှန်သမျှသည် ကျွန်ုပ်မိတ်ဆွေ နှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့ပါကြောင်းနှင့် လူကြီးမင်း ဦးမင်းညီညီသည် ဒေါ်ဆုမွန်ဖြိုး၏ ခင်ပွန်းအဖြစ်မှ လုံးဝ (လုံးဝ) မသက်ဆိုင် တော့ပါကြောင်းကို ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် ၎င်း၏အမည်ဖြင့် (၁၃-၃-၂၀၂၅) ရက်နေ့စွဲပါ မြန်မာ့လင်းသတင်းစာ၊ စာမျက်နှာ-၂၂ တွင် အတိအလင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဤကဲ့သို့ ကြေညာခဲ့ပြီးဖြစ်သော်လည်း လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏မိသားစုအား လူမှုပတ်ဝန်းကျင်တွင် အရှက်တကွဲဖြစ်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ (၈-၇-၂၀၂၅) ရက်နေ့တွင် မြိတ်မြို့ရှိ ကျွန်ုပ်မိတ်ဆွေနှင့် မိသားစုဝင်များနေထိုင်သည့် အိမ်ရှေ့တွင် ညဘက်၌ အော်ဟစ်ဆူညံသောင်းကျန်းခြင်း၊ မောင်ဖြစ်သူ နေထိုင်သည့် နေအိမ်သို့ သွားရောက်၍ ရမ်းကားဆဲဆိုခြင်းများကို ပြုလုပ်ခဲ့သည်ဟူ၍ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အကြောင်းအရာများအရ ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့ ပိုင်ဆိုင်သည့် နှစ်ဦးလက်ထက်ပွားပိုင်ဆိုင် ပစ္စည်းဖြစ်သည့် ကား Premio 2012 Model 6Q/1326 (အဖြူရောင်) အား ရောင်းချ၍ ထက်ဝက်တန်ဖိုးအားလည်းကောင်း၊ ငွေကျပ်သိန်း (၈၅၀)၊ ယင်းကျပ်သိန်း (၈၅၀) အပေါ်တွင် လစဉ်အမြတ်ငွေ (၂၅) သိန်း၊ (၄) လ (၂၀၂၄ ခုနှစ်၊ ၇ လပိုင်းအထိ) အတွက် စုစုပေါင်းအမြတ်ငွေ ကျပ်သိန်း (၁၀၀) စသည်တို့အားလည်းကောင်း၊ (၃၁-၇-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လူကြီးမင်းမှ ခွဲဝေပေးပါရန်၊ ကား Premio 2012 Model 6Q/1326 (အဖြူရောင်) အား ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့သည် လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေမိသားစု အမည်ပေါက် ပိုင်ဆိုင်သည့် (မီကို ငါးပိ၊ ငါးခြောက်၊ ကမ်းဇော်ဆီနှင့် မြိတ်ဒေသထွက် လက်ဆောင်ပစ္စည်း အရောင်းဆိုင်)၏ အမည်အား အလွဲသုံးစားပြုလုပ်ခြင်းမပြုလုပ်ရန် ကျွန်ုပ်မိတ်ဆွေနှင့် မိဘဆွေမျိုးများအား ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန် လီဆယ်စွပ်စွဲခြင်းအား ရပ်စဲပါရန်နှင့် ဆက်လက်ပြုလုပ်နေမည် ဆိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တည်ဆဲတရားဥပဒေများအရလည်းကောင်း၊ ဆက်သွယ်ရေးဥပဒေအရလည်းကောင်း ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆိုရန် ညွှန်ကြားချက်ရရှိထားပြီးဖြစ်ကြောင်းကို ဦးမင်းညီညီနှင့် အများသိစေရန်အတွက် အသိပေးတားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဆုမွန်ဖြိုး [၆/မမန (နိုင်) ၁၂၀၅၃၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာLL.B., D.B.L., D.M.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)**
**Res:၀၁၃၉၅၃၁၂၊ HP:၀၉-၅၁၁၇၈၇၅၊ HP:၀၉-၉၆၅၁၁၇၈၇၅**
**တိုက် (၁)၊ အခန်း (၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၅ )၊ မြေကွက်အမှတ်-( ၁၇၄ )အရ မြေအကျယ်အဝန်း-( ၂၄၀၀-စတုရန်းပေ )၊ မြေဧရိယာ-( ၀. ၀၅၅ )ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-( ၁၇၄ )၊ မြို့ပတ်လမ်း၊ (၅)-ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နန်းရှဲန်လာ ( ၁၃/ကတန (နိုင်) ၀၀၃၂၆၈ ) အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေတွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## "ကန့်ကွက်နိုင်ပါသည်"

(က) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-ကံဘဲ့)၊ မြေကွက်အမှတ်-(၃၉/င-၂)၊ ဧရိယာ(၀. ၀၅၇)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-ကံဘဲ့)၊ မြေကွက်အမှတ်-(၃၉/င-၁)၊ ဧရိယာ(၀. ၀၉၂)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသောအကျယ်(၂၂ပေ×၆၅ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်များပေါ်ရှိအမှတ်-၄၊ မဟာဗောဓိလမ်း၊ ၁၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အားလုံးအား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဇင်မာဝင်း (၁၂/ရကန (နိုင်) ၀၀၀၇၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်များနှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -ဒေါ်နန်းဆင့်ဆင့်ထွန်း(LL.B) D.B.L,D.M.L
ဒေါ်မိုးမိုးအေး (LL.B) D.B.L,D.M.L,D.I.L WIPO,DL-101 Switzerland
(စဉ်-၁၂၆၃၉) (တရားလွှတ်တော်ရှေ့နေများ) (စဉ်-၈၅၅၈)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

## အမည်ပြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ အမှတ်(၄) တိုးချဲ့ရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ခတ္တာ(၁)လမ်း၊ အမှတ်-၁၃၇(က) နေ (ဘ)ဦးဝင်းဌွေး၏ သမီးဖြစ်သူ **မသူဇာဝင်း** [၅/ဝသန(နိုင်)၀၆၁၅၀၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **မသူဇာဝင်း**အား ယခုကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ **မသူဇာဝင်းမှ မဇင်လေးနွယ်**အဖြစ် ပြောင်းလဲခေါ်ဆိုပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၅၈၉၀**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နန်းတျာငြိမ်းပြည့်[၁၃/တကန(နိုင်) ၃၁၀၄၄၈]နှင့် ဦးစိုးမိုးသူ[၇/ဒဥန(နိုင်)၁၄၅၆၀၄]တို့သည် (၁၁-၇-၂၀၂၅) ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်တရားရုံး၌ ကွာရှင်းမှတ်ပုံတင်အမှတ် (၅၅/၂၀၂၅)ဖြင့် ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ဦးစိုးမိုးသူနှင့်ပတ်သက်သည့် ကိစ္စတစ်စုံတစ်ရာရှိလာပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နန်းတျာငြိမ်းပြည့်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန်းတျာငြိမ်းပြည့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(L.L.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၄၂၀/၂၀၁၄)**
**ရုံးအမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၂၅၃၅၈၈၀၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၈၁)ဟုခေါ်တွင်သော (အလျား၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသီဟမင်းဇင်[၁၂/ကမတ(နိုင်)၀၈၃၃၇၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

လုံစမ်ကျေးရွာ(ဆိုင်းဖယ်ရွာသစ်)၊ မိုးနဲမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နေ ဒေါ်စမ်းမြနှင်း[၁၃/ဖခန(နိုင်)၀၄၁၇၉၆]ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိုးနဲမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ် စသည့် အရွယ်အစား အမျိုးအစားဖြင့် မိုးနဲမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ် အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလပ်စတစ်ဘူးများ ထည့်သွင်းပစ္စည်း ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စမ်းမြနှင်း**
**[၁၃/ဖခန(နိုင်)၀၄၁၇၉၆]**
**Ph:09-778449940**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၇/ဘီ၊ ချင်းတွင်းလမ်းနှင့်ရတနာလမ်းထောင့်၊ မြေကွက်အမှတ်-၁၀၀၊ ဧရိယာ(၀.၂၄၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်သူ ဦးကျော်ဇော (၉/မနမ(နိုင်)၀၉၄၂၆၅)မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်၊ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြူဖြူစိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)**
**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊**
**၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/ရွှေပေါက်ကံ)၊ မပေဟ်သခွာလမ်း၊ မြေကွက်အမှတ်(၄၆၇)၊ အကျယ်အဝန်း (၂၀'x၆၀') ခြေရင်းခြမ်းမြေကွက်အား လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုပြုံး [၁၃/သပန(နိုင်)၀၄၂၁၈၁]ထံမှ ဝယ်ယူရန်အတွက် ဒေါ်ဖြိုးအိအိဝင်း [၁၀/မလမ(နိုင်)၁၈၈၄၂၇]က စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးကျော် (LL.B)** | **ဒေါ်အိခိုင်ညီမ်း [ LL.B, D.B.L, D.I.L ]** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၂၈၈)** |

**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၉၅၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရွှေမှန်တင်ရှိကွင်းအမှတ်(၉၈၅)ခ၊ ကွင်းအမည်-ကျွန်းကလေးတောင်ကွင်း၊ ဦးပိုင်အမှတ်-၂၂/စ၊ ဧရိယာ(၀.၁၉)ဧကရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမင်းမင်းထွန်း[၁၂/လမန(နိုင်)၁၂၁၄၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် (၁၃-၇-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည် ထို့ကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဆန်းထွေး၊ ဦးကျော်ဇေယျ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၂၈၄)**
**ကျောက်အိုင်ကျေးရွာ၊ လှည်းကူးမြို့နယ်။ Ph:09-955961935**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အမှတ်(၃၅)၊ အကွက်(၁၁)၊ သမလလမ်း၊ ရပ်ကွက်ကြီး(၃)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေ ဦးဝင်းလွင်ဦး [၁၀/သထန(နိုင်) ၁၆၇၂၆၅] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပဲခူးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ သောက်ရေသန့်ကို ဘူးကြီး၊ ဘူးသေး၊ ဘူးလတ်စသည့် အရွယ်အစား အမျိုးအစားဖြင့် ပဲခူးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းအမှတ်တံဆိပ် အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ ထည့်သွင်းပစ္စည်း ထုပ်ပိုးပစ္စည်းစသည့် အရွယ်အစားအမျိုးမျိုး အရောင်အမျိုးမျိုး ပြုလုပ်သည့် အသားတံဆိပ်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားထင်ယောင်ထင်မှား မဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမှတ်အသားနှင့်ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းလွင်ဦး**
**[၁၀/သထန(နိုင်)၀၄၁၇၉၆]**
**Ph:09-778449940**

## "မြိတ်ဘိုးဘွားများရိပ်သာ(ရန်ကုန်) အလှူရှင်များသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၊ ဦးဝင်းထိန်နှင့် ဒေါ်အေးအေးယု မိသားစုတို့ပိုင်ဆိုင်သော မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပေါင်းကူး ဥဩဇာရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်ရှိ မြေ (၆.၄)ဧကတွင် ၂၀၁၁ ခုနှစ်မှစတင်၍ မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)အဖြစ် တည်ထောင်နိုင်ရန် ဦးဝင်းထိန်မှ အဆောက်အဦများ ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် အဆောက်အဦများ ဖြစ်ထွန်းပေါ်ပေါက်လာပြီးနောက် အဆိုပါ အဆောက်အဦရှိ အခန်းများကို အခန်းအလှူရှင်များအနေဖြင့် ဦးဝင်းထိန်ထံ ဆက်သွယ်လှူဒါန်းခဲ့ကြသော်လည်း မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)မှာ အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် (၃၀-၈-၂၀၂၄) ရက်နေ့တွင် နိုင်ငံတော်ပိုင်ကြေးမုံသတင်းစာ၌ "မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)ကို ရည်စူးလှူဒါန်းခဲ့သည့် အလှူရှင်များအနေဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ (သုတဗုဒ္ဓ) ကျောက်ပန်းတောင်း ဆရာတော်ဘုရားထံ လှူဒါန်းလိုပါက လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းရန်ဆန္ဒမရှိသူများအနေဖြင့် မိမိတို့လှူဒါန်းမှုများ ကိုကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဦးဝင်းထိန်ထံသို့ မိမိတို့၏ ဆန္ဒများအတိုင်း ဆက်သွယ်ဆွေးနွေးပြောကြားနိုင်ပါကြောင်း" ဦးဝင်းထိန်က အသိပေးကြေညာခဲ့သော်လည်း မည်သူမျှ ကန့်ကွက်ခြင်းမရှိခဲ့ပါ။

ထိုသို့ ကန့်ကွက်မှုမရှိခြင်းကြောင့် (၁၃-၁၀-၂၀၂၄)ရက်နေ့တွင် မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)အား မြန်မာနိုင်ငံ၏ (၁၅)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်ဘုရားထံ အမျိုး၊ ဘာသာ၊ သာသနာ ပြုရန်အတွက် မူလတည်ထောင်အလှူရှင်ဖြစ်သူ ဦးဝင်းထိန်နှင့် ဒေါ်အေးအေးယု မိသားစုတို့မှ စာချုပ်စာတမ်းအခမ်းအနားဖြင့် သံဃာတော်များ၊ လူကြီးမင်းများရှေ့မှောက်တွင် ယတိပြတ်လှူဒါန်းပေးအပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)အလှူရှင်အချို့မှာလည်း တက်ရောက်၍ ရေစက်ချလှူဒါန်းမှုပြုခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လအထိ မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်) ဖြစ်မြောက်မည်အထင်ဖြင့် လှူဒါန်းခဲ့သော အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေ (၁၂၆၅) သိန်းအား လောင်းတော်ဦး တိပိဋကမဟာသစ္စာအောင်မြေသို့ လှူဒါန်းရန် ဆန္ဒမရှိကြသည့် အလှူရှင်များ၏ လှူဒါန်းငွေကို ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်) ဖွင့်လှစ်မည်အထင်ဖြင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ နောက်ပိုင်းအလှူခံနေသော အလှူငွေများသည် ဦးဝင်းထိန်နှင့် သက်ဆိုင်ခြင်းလုံးဝမရှိပါ။ လောင်းတော်ဦး တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်သို့ လှူဒါန်းရန်ဆန္ဒမရှိသည့် အလှူရှင်များသည် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မိမိတို့၏ဆန္ဒများအတိုင်း အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံတွင် ပြန်လည်ထုတ်ယူကြပါရန်နှင့် လောင်းတော်ဦးတိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်သို့ လှူဒါန်းထားသည့် မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)ဝင်းအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူလုံခြုံရေး(၆)ဦးနှင့် မိသားစုများအားလုံး ဗုဒ္ဓသာသနာတော်ကို လေးစားကြည်ညိုသောအားဖြင့် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် အမြန်ဆုံးထွက်ခွာပေးပါရန် လေးလေးစားစားမေတ္တာရှေ့ထား၍ အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| **၁။ ဦးဝင်းထိန်** | **၂။ ဦးစောတောထူးရှီး** | **၃။ ကရင်လေး(ခ)ကိုသက်လွင်** |
| **ဖုန်း-၀၉-၅၀၀၇၉၄၆** | **ဖုန်း-၀၉-၅၁၁၈၄၄၆** | **ဖုန်း-၀၉-၂၅၀၅၀၆၆၅၈** |

**ဦးဝင်းထိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုကို**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၂၀)(၂၆-၂-၂၀၁၅)**
**Ph:09-423660924**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(၂) Grade(11)မှ (အဖ) ဦးတင်ထွန်း [၁၀/သဖရ(နိုင်) ၀၈၃၆၉၂]၏သား မောင် Nတာဦး အား မောင်အန်တာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အန်တာဦး**

**ထွန်းတောက်ကြယ်**
**အိမ်ခြံမြေ အကျိုးဆောင်**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်း/ဝယ်ရေးကို ထွန်းတောက်ကြယ် အကျိုးဆောင်မှ ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
**09-443777598**

## အများသိစေရန်ကြေညာချက်

၁။ ဦးရဲမိုး[၁၂/သကတ(နိုင်)၁၅၄၈၄၃]၊ ဦးမိုးဇော်အောင်[၁၂/သကတ(နိုင်) ၁၇၁၇၉၄]၊ ဒေါ်ကျော့နန္ဒာ[၁၂/သကတ(နိုင်)၂၀၃၈၉၂]တို့သည် ကွယ်လွန်သူ ဦးအောင်မိုး၏ ပထမအိမ်ထောင်နှင့် ရရှိခဲ့သည့် သားသမီးများဖြစ်ပါသည်။ ကွယ်လွန်သူ ဦးအောင်မိုး[၁၂/သကတ(နိုင်)၀၀၂၅၁၈]ကျန်ရှိခဲ့သည့် ရွှေ့/မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ ဦးအောင်မိုး၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်မွန်မွန်နိုင်(ခ)ဒေါ်သီရိ [၁၂/သဃက(နိုင်)၀၃၁၁၀၅]နှင့် ဦးအောင်မိုး၏ ပထမအိမ်ထောင်နှင့်ရရှိခဲ့သော သားသမီးများသည် (၁၂-၇-၂၀၂၅)ရက်နေ့တွင် သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် အပြီးအပြတ်ရှင်းလင်းပြီး ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၄၂၇/ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)မြေ (ဦးအောင်ကြည်အမည်ပေါက် စလစ်မြေ)နှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက်အဆောက်အဦသည် ဒေါ်မွန်မွန်နိုင်(ခ)ဒေါ်သီရိ တစ်ဦးတည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အဆိုပါ မြေကွက်သည် ဦးအောင်မိုး၏ သားသမီးများအနေဖြင့် ပိုင်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မွန်မွန်နိုင်** | **ဒေါ်ဇာခြည်စိမ့်စိမ့်မွေး LL.B** |
| | **(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၀၉၁၇(၃၀-၆-၂၀၁၆)** |
| | **အမှတ်(၁၀/၁၂)၊ အခန်း(၁၀၄/ I)၊ ပထမထပ်၊** |
| | **၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **Ph:09-443108529, 09-798168087** |

# (၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ ကျော်ဝင်း (ငြိမ်း)
### (၁၅-၇-၂၀၂၁) မှ (၁၅-၇-၂၀၂၅)

ကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ (၁၅-၇-၂၀၂၅)ရက်တွင် (၄)နှစ်ပြည့်သွားပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ လစဉ် (၁၅)ရက်နေ့တိုင်း ဖခင်ကြီးအားရည်စူးပြီး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပေးနေပါတယ်။ ယနေ့ (၁၅-၇-၂၀၂၅) ရက်တွင် ဖခင်ကြီး ကွယ်လွန်ခြင်း (၄)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ရှိ စာသင်သား သံဃာအပါး(၂၀၀)ကျော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတစ်ပါးချင်းစီအတွက် လျှပ်စစ်အားသွင်းတုံး(Power Bank)များ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စာရေးကိရိယာများ၊ ဆေးဝါးများ၊ အဟာရဖြစ်ဖွယ် စားစရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ၊ ဂျုတ်စသော အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းအမျှဝေပေးခဲ့ပါတယ်။ သမီးတို့ပြုလုပ်ပေးခဲ့တဲ့၊ ပြုလုပ်နေဆဲ၊ ပြုလုပ်ပေးမယ့် အဖေ့အတွက် ရည်စူးအလှူများကို ကျေးဇူးရှင်ဖခင်ကြီး ရရှိပြီး မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေ့ကိုချစ်တဲ့ သားသမီးများနှင့်**
**ဘိုးဘိုးကြီးကိုချစ်တဲ့ မြေးများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ထောက်ကြန့်တိုးချဲ့-၃၊ မြေကွက်အမှတ်-၇၀၆၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၇၀၆၊ အောင်ရတနာလမ်း၊ တိုးချဲ့(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးဖုန်းလွင်[၁၂/မဂဒ(နိုင်)၀၈၁၇၆၁] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူဦးဖုန်းလွင်သည် (၂၅-၁၂-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးတော်စပ်သူဒေါ်ဒေါ်တင်ရဲမ်(ခ)ဒေါ်ညိုညိုမှ တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း အခြားသော ဇနီး/မိန်းမတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတို့မိသားစုသည်ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူမကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှရေးသားခဲ့ခြင်းမရှိကြောင်း၊ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူတစ်ဦးတည်းသောတရားဝင် ဇနီးဖြစ်သူ မိမိကသာလျှင်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်ဒေါ်တင်ရဲမ်(ခ)ဒေါ်ညိုညိုမှ လသာမြို့နယ်တရားရုံး၏ ၂-၅-၂၀၂၅ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ်-၅/၂၆/၂၀၂၅၊ အသိသက်သေ(၂)ဦး၏ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေငှားဂရန်စာချုပ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၃၊ မြေကွက်အမှတ် - ၂၉၁၊ အကျယ်အဝန်း (အလျား ၄၀' x အနံ ၆၀')၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၉၁)၊ သခင်ဖိုးလှကြီးလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သောမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက် ဒေါ်ခင်စန်း (၁၂/မရက (နိုင်) ၀၃၉၉၂၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ချိုချိုဝင်း LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၁၂)
အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၆၃၄/ခ၊ ဧရိယာ(၀.၀၂၇)ဧက မြေကွက်တည်နေရာအမှတ်-(၆၃၄/ခ)၊ မဟာမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဒေါ်သန်းညွန့် [ISN-၂၂၉၈၆၅/၁၂/အစန(နိုင်)၁၁၀၀၆၈]အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ရွှေပြည်သာမြို့နယ် တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၄၄/၂၀၂၄(၃-၁၀-၂၀၂၄)ဖြင့် ဒေါ်သန်းညွန့်အား တရားပြိုင်ပြု၍ တရားလိုဒေါ်သဇ္ဇာဖြိုး မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ဒေါ်သဇ္ဇာဖြိုးမှ ရရှိခဲ့သည့် (၃-၁၀-၂၀၂၄)ရက်စွဲပါ တရားရုံးစီရင်ချက်၊ အနိုင်ဒီကရီနှင့် တရားရုံးများကိုယ်စားလိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ်ဒေါ်ငုဝါအား ခန့်အပ်သည့် (၆-၃-၂၀၂၅)ရက်စွဲပါ တရားမဇာရီမှုအမှတ်(၁၀/၂၀၂၅)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၂၄-၃-၂၀၂၅) ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ တရားရုံးသို့တင်ပြခဲ့သည့် အရပ်ကတိ အရောင်းစာချုပ်၊ ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရတနာ

သစ်တော

ပြည့်သွေးကြော

သစ်တော

ရတနာ

ထိန်းသိမ်းပါ

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာစာကျောင်းသားဟောင်းများအသင်း၏ ကန်တော့ခံဆရာမကြီး၊ အဝေးသင်တက္ကသိုလ်၊ မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါ်သီသီထွဋ်၊ အသက် (၈၇)နှစ်သည် ၁၄-၇-၂၀၂၅ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်**
**မြန်မာစာကျောင်းသားဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သီသီထွဋ်
**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)**
**မြန်မာစာဌာန၊ အဝေးသင်တက္ကသိုလ်**
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်-၆(ခ-၅)နေ [ဦးခင်မောင်ဝင်း(ဒုစက်ရုံမှူး-ငြိမ်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ)]၏ ဇနီး၊ ဦးပြည့်ဟိန်း၊ ဒေါက်တာပွင့်သွယ်ဝင်း(ညွှန်ကြားရေးမှူး-ဘူမိ၊ ဆည်/ရေဦးစီးဌာန)၊ (ဦးကျော်မြင့်)-ဒေါ်စိုးဆင့်ဝင်း၊ ဦးအောင်နိုင်ဝင်း-နန်းပိုနွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သီသီထွဋ်သည် ၁၄-၇-၂၀၂၅ရက်(တနင်္လာနေ့) နံနက် ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဗေဒဌာနခွဲ**
**ဆည်/ရေဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ ယုဇနအိမ်ရာအပိုင်း(၂)၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၀၀၅)ကို ဦးဘုန်းမြင့်[၁၂/ကတတ(နိုင်)၀၂၃၀၂၀]ထံမှ ကျွန်မ ဒေါ်မြသန္တာဦး [၂/လကန(နိုင်)၀၆၆၀၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြသန္တာဦး**
**[၂/လကန(နိုင်)၀၆၆၀၅၉]**
**တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၀၂)**
**ယုဇနအပိုင်း(၂)အိမ်ရာ၊ (၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉-၆၉၂၃၇၇၂၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ အခန်းအမှတ်(၅၀၃)၊ တိုက်အမှတ်(၄၀)၊ (၅-လွှာ) ခေါင်းရင်းခန်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက ဦးဖြိုးသက်နောင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်ဖြိုး(LL.B D.B.L,D.L.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၁)**
**အမှတ်-၅၆၃၊ MAC Towerr ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၄၉၁၉၄၆၀**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နုရင်(ခ)တန်ရှုပ်ခိန်း
### အသက်(၉၆)နှစ်

(ဦးတန်တိန်ဘီ-ဒေါ်လင်ရှုလွမ်)တို့၏ သမီး၊ (ဦးအောင်ဘွန်ချောင်-ဒေါ်တျိုဘွန်တီ)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ သစ်တောလမ်း၊ Riverview Point Tower နေ [ဦးလှမောင်(ခ)ဦးအောင်ချူကောင်း]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြူကြူအေး-(ဦးဝင်းရွှေ)၊ ဒေါ်ခင်ခင်အေး၊ (ဒေါ်နုနုအေး-ဦးတင်ထွန်း)၊ ဦးအောင်ကျန်စိန်-ဒေါ်တင်တင်ဝင်း၊ ဦးရဲမြင့်-ဒေါ်မေသင်၊ ဒေါ်မိုးမိုးအေး- ဦးမြင့်ဦးတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၂ ယောက်တို့၏အဘွား၊ မြစ် ခြောက်ယောက်တို့၏ အဘေး ဒေါ်နုရင် (ခ) တန်ရှုပ်ခိန်း အသက်(၉၆)နှစ်သည် ၁၃-၇-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၁၀:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၅ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၂၅ (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းအောင် (ရေစကြို)
**စာရေးဆရာသန်းအောင် (အညာမြေ)**
**အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ဦးအုံးဖေစာပေဆုများရှင်**
**မြန်မာနိုင်ငံစာရေးဆရာအသင်းသက်ကြီးပူဇော်ခံ**
### အသက်(၈၆)နှစ်

ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းရွာနေ(ဦးအုန်းဖေ-ဒေါ်သီလှ)တို့၏ သား၊ ဦးစိုးတင်-ဒေါ်ပွေး၊ ဦးဘိုကြည်-ဒေါ်လှတင်၊ ဦးသန်းထွန်း-ဒေါ်ခင်စိန်တို့၏ အစ်ကိုကြီး၊ ရေစကြိုမြို့၊ အမှတ်(၈)၊ နဂါးရုံရပ်နေ ဒေါ်ခင်စီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မိုး-ဒေါ်ကလျာ၊ ဦးအောင်ကျော်မိုး-ဒေါ်သက်လျာအောင်၊ ဦးတေဇာအောင်-ဒေါ်ငွေးငွေးဝင်း တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်အောင်ခန့်မော်၊ မမေသက်ခင်၊ မောင်ပြည့်ဘုန်းခန့်တို့၏ အဘိုး ဦးသန်းအောင်သည် ၁၄-၇-၂၀၂၅ရက် နံနက် ၁၀:၃၀ နာရီတွင် ရေစကြိုမြို့၊ အမှတ်(၈)၊ နဂါးရုံရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၅ရက် နံနက် ၉နာရီတွင် ကြက်ဆူကျင်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီသီထွဋ်
**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)**
**မြန်မာစာဌာန၊ အဝေးသင်တက္ကသိုလ်**
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်-၆(ခ-၅)နေ [ဦးခင်မောင်ဝင်း(ဒုစက်ရုံမှူး-ငြိမ်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ)]၏ ဇနီး၊ ဦးပြည့်ဟိန်း၊ ဒေါက်တာပွင့်သွယ်ဝင်း (ညွှန်ကြားရေးမှူး-ဘူမိ၊ ဆည်/ရေဦးစီးဌာန)၊ (ဦးကျော်မြင့်)-ဒေါ်စိုးဆင့်ဝင်း၊ ဦးအောင်နိုင်ဝင်း-နန်းပိုနွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးများဖြစ်ကြသော မောင်ရဲပြည့်ကျော်-မရည်မွန်ဝင်း၊ မမေမြတ်ဟိန်း၊ မဆက်ရည်ဝင်း-မောင်အံ့ထူးအောင်၊ မဖွဲ့မြို့ခင်၊ မောင်ထွဋ်အောင်ဇေယျတို့၏ အဘွား၊ မြစ် မကေသရီကျော်၏ အဘွားသည် ၁၄-၇-၂၀၂၅ (တနင်္လာနေ့) နံနက် ၁:၀၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၇-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)
### မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၀

| | | |
|---|---|---|
| ဒေါ်ခင်ချမ်းမြွှသူ **(တရားလို)** | နှင့် | ဦးထန်ချိန်ဝင်း **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ(၁၁)လမ်း၊ အမှတ်(၃/၁၉၇)ရပ်နေ ဦးထန်ချိန်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်)နေ့ မွန်းမတည့်မီ (၁၀) နာရီ** အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် **လိုအပ်သည့်စာရွက်စာတမ်းများ**နှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်**နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဇင်ဦး)**
**မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်...**

❖ **မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု၊ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ အားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

---

**ယနေ့ ဖတ်စရာ**

**(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ - ၈

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ - ၁၄

**မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်**

စာမျက်နှာ - ၁၈

## ချယ်လ်ဆီးအသင်း ဖီဖာကလပ်ကမ္ဘာ့ဖလားဆွတ်ခူး

ချယ်လ်ဆီးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပီအက်စ်ဂျီအသင်းကို အနိုင်ရပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆



ချယ်လ်ဆီးအသင်း ဖီဖာကလပ်ကမ္ဘာ့ဖလားနှင့်အတူ အောင်ပွဲခံစဉ်။

## Futsal Champion Cup 2025 ပြိုင်ပွဲ ရှုံးထွက်အဆင့် တက်ရောက်သည့်အသင်းများ ထပ်မံထွက်ပေါ်



SGF အသင်းနှင့် Water King အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၁၄

Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ဇူလိုင် ၁၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ရှုံးထွက်အဆင့်တက်ရောက်သည့် အသင်းများ ထပ်မံထွက်ပေါ်ခဲ့သည်။

အုပ်စုစတုတ္ထနေ့တွင် SGF အသင်းက Water King အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ YCDC MHDT အသင်းက KKY အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ Gold Dream အသင်းက Kyaung Sayar Tharhtwe အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Winner Generations အသင်းက Ruby Volcanose အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ TG United အသင်းက တော်ဝင်နန်း အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းအတွက် ဂျပန်အမျိုးသမီးနည်းပြတစ်ဦး ခန့်အပ်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းအတွက် ဂျပန်အမျိုးသမီးနည်းပြတစ်ဦး ခန့်အပ်လိုက်ပြီဖြစ်ပြီး ဇူလိုင် ၁၄ ရက်က တရားဝင်စာချုပ် ချုပ်ဆိုခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✳

